ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (24-5-2007) (၅၃၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နေပြည်တော်လေဆိပ် ဧည့်ခန်းမ၌ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတို့ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပို့ဆောင် နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(အပေါ်ပုံ)နှင့် (ဝဲပုံ)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၄-၅-၂၀၀၇
(ကြာသပတေးနေ့)

ဆည်တမံအသစ်များ တည်ဆောက်ဖွင့်လှစ် ဒေသစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံစီးပွားရေး ခိုင်မာတောင့်တင်းရေးတွင် အရေးပါသကဲ့သို့ ကျေးလက်ဒေသနေ ပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာစေရန် လိုအပ်သည့်အစီအမံများကို ဆက်စပ်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်က နယ်မြေဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး အားပေးကူညီလျက်ရှိသည်။ ရေကြီး ရေလွှမ်းမိုးသည့် ဒေသများတွင် ရေထိန်းတံခါးများ၊ ရေလွှဲဆည်များ တည်ဆောက်၍ ရေကြီးကွင်း၊ ရေနက်ကွင်းများ၌ စိုက်ပျိုးမြေများ ဖော်ထုတ်လျက်ရှိသည်။ ထို့အတူ နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးထားသည့် ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၏ အကျိုးပြုမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် လယ်မြေဧကများ တိုးတက်လျက် ရှိနေသည်။

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ဘိုင်းဒါးရေလွှဲဆည်ကို မေလ ၁၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရေလွှဲဆည်သည် ပဲခူးတိုင်းအတွင်း ၄၃ ခုမြောက် တည်ဆောက်ပြီးစီးသည့် ဆည်မြောင်းစီမံကိန်း ဖြစ်သည်။ ဘိုင်းဒါးရေလွှဲဆည် တည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ ခုတွင် ပထမတစ်သီး မိုးစပါးဧက လေးသောင်းကျော်နှင့် ဒုတိယ တစ်သီး နွေစပါးနှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ ဧကသုံးသောင်းကျော် စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး အထောက်အကူပြု ဆည်တမံစီမံကိန်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးလျက်ရှိရာ ဘိုင်းဒါးရေလွှဲဆည်အပါအဝင် ဆည်တမံ ၁၉၉ ခု ရှိပြီဖြစ်သည်။ လယ်မြေဧက နှစ်သန်းကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ မိုးစပါး၊ နွေစပါးများသာမက သီးထပ်သီးညှပ်သီးနှံများ၊ အမယ်သစ် သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အကျိုးပြုလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ စိုက်ပျိုးရေရရှိရေး ထောက်ကူပေးမှုများနှင့်အတူ မိုးနည်းသော ဒေသများတွင် ဆည်ရေဖြင့် စိုက်ပျိုးနိုင်လျက်ရှိသည်။ ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော်၊ မိုးတော် လယ်မြေများအဖြစ် ဖော်ထုတ်စိုက်ပျိုးနေကြသည်။ နယ်မြေဒေသ အသီးသီးတွင် တည်ဆောက်ဖွင့်လှစ်ထားသည့် ဆည်တမံသစ်များ၏ အကျိုးပြုမှုဖြင့် ဒေသအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဒေါ်မြတင်အား ရည်စူး၍ ဦးဘခင် (နဂါးကမ္ဘာလုံးစားသောက်ဆိုင်)သဇင်မြိုင်လမ်း ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် မိသားစုက ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နမ့်စန်ပင်မဓာတ်အားခွဲရုံ တည်ဆောက်မှု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၈ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ရတနာစည်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး လွိုင်လင်မြို့ သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာစည်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒနှင့် သံဃာတော်အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်သက်န်းပစ္စည်း ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (၁၃၂/၆၆) ကေဗွီ(နမ့်စန်) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းခန်းမ၌ စီမံကိန်းမန်နေဂျာ ဦးစန်းတင့်က နမ့်စန်ပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဓာတ်အားဖြန့်ဖြူးမှု၊ ခိုလန်ဓာတ်အားခွဲရုံ မြေနေရာရွေးချယ်မှု၊ ဓာတ်အားလိုင်း တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နမ့်စန်ဓာတ်အားခွဲရုံအနေဖြင့် မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ မိုင်းပန်မြို့များသို့ ဓာတ်အားပို့လွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊ နမ့်စန်၊ ခိုလန်အကြား ဖောင်ဒေးရှင်း ကွန်ကရစ်လောင်းခြင်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးနှင့် နမ့်စန်ပင်မဓာတ်အားခွဲရုံကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ထိန်းသိမ်းရေးရုံး တိုးချဲ့ဖွင့်လှစ်ရေးမှာကြားသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နမ့်စန်ပင်မ ဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းကြိုးခွေများ ရောက်ရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းရှိ တံတားအမှတ် (၂/၁၉၆) နမ့်တိန်းချောင်းတံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားရေလယ်တိုင် တည်ဆောက်မှုနှင့် ပစ္စည်းစုဆောင်းရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နမ့်စန်-ခိုလန်-ကျိုင်းတောင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းကြောင်း အခြေအနေများ၊ တာဝါတိုင်နှင့် မဟာဓာတ်အားလိုင်း တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး သန်းညွန့် (ငြိမ်း) အား ရည်စူး၍ မရမ်းကုန်းမြို့နယ် လမ်းသွယ်(၃)၊ အောင်သိဒ္ဓိရိပ်သာနေ ဇနီးဒေါ်ယဉ်ကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတ ဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၂ သိန်း တန်ဖိုးရှိ အောက်စီဂျင်ပေးသည့် စက်တစ်လုံး လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ပုပ္ပားကျောင်း အနေကဇာတင်ပွဲ မော်ကွန်းတိုက်ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ ပုပ္ပားကျောင်းတိုက် တည်ထောင်သော (၄၄)နှစ်မြောက် ၁၃၆၉ ခု နယုန်လပြည့် မေ ၃၀ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် ပုပ္ပားကျောင်း ဆရာတော် ဦးကုမာရ အမှူးထားလျက်(မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ အောင်တော်မူ စေတီ၊ ကပ်ကျော်ရွှေစေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ သိဒ္ဓိရှင်စေတီ၊ နဂါးရုံဘုရားကြီး၊ လိုတိုင်းရ တတိုင်းပြီး စေတီ၊ မဟာစေတီ၊ ကမ္ဘာလုံးစေတီ၊ ပတ္တမြားစေတီ၊ ပြည့်ဝကျောင်းတွင်းဘုရား၊ မြို့ထောင့် အေးငြိမ်းချမ်းသာ စေတီ၊ ဓမ္မာရုံဆွမ်းစားကျောင်း၊ သဲပုံစေတီ၊ ဓာတ်ပေါင်းစေတီ၊ ပဋ္ဌာဝဂ္ဂိဘုရား၊ အဓိဋ္ဌာန်မော်ကွန်းတိုက် မဟာဗောဓိဘုရားများကို အနေကဇာတင်ပြီး (မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး တည်ဆောက်သော အဓိဋ္ဌာန်မော်ကွန်းတိုက်ကို ရေစက်ချမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ဖုန်း- ၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းအလှူရှင်များ တရားနာရေစက်ချပွဲလာရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်ရွှေအား ရည်စူး၍ မိုးဆက်ရိပ်မောင်နှမ မိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)



အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာပွဲကျင်းပ

ရန်ကုန် မေ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသောအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော လားရှိုးမြို့ မာန်ဆူဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဏ္ဍညအား မန္တလေးမြို့ မင်းကွန်းတိုက် ဓမ္မဝိနယ ရွှေကျီးကျောင်း ဦးဓမ္မိက (ဝိသိဋ္ဌဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ) နှင့် မန္တလေးမြို့ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ဆရာတော်အား ပူဇော်ကန်တော့ပွဲကို မေ ၁၉ရက်တွင်အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဆွေ့ပရိသတ်အပေါင်းကို မန္တလေးမြို့ ရွှေကျီးမုန့်ကြွပ်(သဲတော) မိသားစုက ဆွေ့ခံကျွေးမွေးသည်။

(က-ပ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်အား နိပွန် ဖောင်ဒေးရှင်းမှ President, Mr. Yohei Sasakawa လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူစေ့မှ အဆင့်မြင့်ဇီဝဒီဇယ်ထုတ်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကြည့်ရှု စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူ လွယ်ကူစွာထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေးမှာကြား

နေပြည်တော် မေ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၂၀ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ကိုးမိုင်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်စိုးတို့က ခြံစည်းရိုးကြက်ဆူသီးကို အထူးပြုပြင်ရန်မလိုဘဲ အစေ့တိုက်ရိုက် ကြိတ်ခွဲ၍ ရရှိသောဆီဖြင့် လယ်ယာသုံးလက်တွန်းထွန်စက်၊ လယ်ထွန်စက်၊ ရေစုပ်စက်တို့ မောင်းနှင်နိုင်ကြောင်း၊ သို့သော် အခြားဒီဇယ်သုံးယာဉ်နှင့် စက်ကိရိယာများအတွက် ဇီဝဒီဇယ်ဆီအဖြစ် ပြုပြင်ထုတ်လုပ်ရန် လိုအပ်သဖြင့် ဇီဝဒီဇယ်ဆီထုတ်လုပ်သည့် နည်းလမ်းအမျိုးမျိုးမှ ထုတ်လုပ်မှု လွယ်ကူပြီး ကုန်ကျစရိတ် သက်သာမည့်နည်းလမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ပံ့ပိုးစီမံမှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြည်သူ အများအသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ပြသရှင်းလင်းသည်။

ပြည်တွင်းဖြစ် မြင်းကောင်ရေ ငါးကောင်အားရှိပြီးတစ်နာရီလျှင် အစေ့နှစ်တင်းခွဲ ကြိတ်နိုင်သည့် ခြံစည်းရိုးကြက်ဆူစေ့မှ ဆီကြမ်းထုတ်လုပ်မှု၊ ထွက်ရှိလာသော ဆီကြမ်းကို တစ်နာရီ ၁၀ဂါလန် ဆီစစ်ပေးနိုင်သည့် ဆီစစ်စက်ဖြင့် အနယ်ဖတ်များစစ်ထုတ်ပြီး ဆီအကြည်ရရှိမှု၊ ရရှိသည့် ဆီတွင် ကော်ဓာတ်များပါရှိနေသဖြင့် ကော်များဖယ်ထုတ်သန့်စင်သည့် စက်ဖြင့် ဆီဂါလန် ၃၀ကို ဆီနှင့်ရေ ရောစပ်အပူပေးပြီး သင့်တော်သည့် ဆီနှင့် ရေအနယ်ကွဲစ အချိန်တွင် ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်ဖြင့်ရော၍ ဆီအကြည်သီးသန့် ရရှိအောင် ဖယ်ထုတ်မှု၊ ကော်ပါဝင်မှု ဖယ်ထုတ်ရရှိပြီး အပေါ်ယံဆီကြည်ကို အခြောက်ခံစည်တွင် အပူပေး၍ ရေဖယ်ထုတ်မှုမှ ရရှိသော ဆီအဆင့်သည် ကော်ဓာတ်ကင်းစင်သဖြင့် ဆီကျိုးကပ်ခြင်းမရှိတော့၍ လယ်ယာကဏ္ဍတွင် တစ်လုံးထိုး အင်ဂျင်များ၌ အသုံးပြုနိုင်မှုကို ရှင်းပြသည်။

ထို့ပြင် ကော်ဓာတ်များ ဖယ်ထုတ်ရရှိသည့် အဆင့်မှအဆင့်မြင့် ဇီဝဒီဇယ်

ဆီ ထုတ်လုပ်ရာတွင် ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်နှင့် မက်သနော ရောစပ်ဖျော်ရည်ထည့်၍ ရောမွှေသည့်စနစ်ဖြင့် အနယ်ထိုင်စေပြီး အပေါ်ယံ ဆီကြည်ကို ရေနွေးဖြင့် ပါဝင်သည့် ဓာတ်များ ဆေးကြောမှု၊ သဲနှင့် ဆား အသုံးပြု၍ သန့်စင်အောင် စစ်ယူမှုတို့ဖြင့် ဇီဝဒီဇယ် ရရှိမှုကို ရှင်းလင်းပြသကြသည်။

ဝန်ကြီးသည် ထုတ်လုပ်သည့် ကုန်ကြမ်းနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရာတွင် အဆင့်အလိုက် ရရှိသော ဆီနမူနာများကို ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူ လွယ်ကူသက်သာစွာ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊ ယခုထုတ်လုပ်နိုင်မှုကို အခြေခံ၍ ဌာနများ ဆက်စပ်ညှိနှိုင်းပူးပေါင်းကာ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ပိုမိုလွယ်ကူ သက်သာအောင် ဆောင်ရွက်ရေး မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်ရရှိသည့် ခြံစည်းရိုး ကြက်ဆူ ဇီဝဒီဇယ်ဆီဖြင့် မော်တော်ယာဉ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ် ယာ စိုက် ပျိုး ရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ခြံစည်းရိုး ကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဂူရှူး လူငယ် ဆန်းဆိုပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အသက်(၁၈)နှစ်နှင့်အောက် လူငယ် ဆန်းဆိုပြိုင်ပွဲနှင့် ဆုပေးပွဲကို မေ ၂၂ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲကျင်းပ

ရှေးဦးစွာ ကီလိုတန်းအလိုက် အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များကို ကျင်းပပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်နှင့် ဦးတင့်နိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က အမျိုးသားပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဇဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အသက်(၁၈)နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသက်(၁၈)နှစ်အောက် အမျိုးသားပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအားလည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိပွန်ဖောင်ဒေးရှင်းမှ President, Mr. Yohei Sasakawa သည် မေ ၂၁ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ် အထိ ရှမ်းပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် စာသင်ကျောင်း ၁၀၀ ဆောက်လုပ်ခဲ့သည့် စီမံကိန်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် စီမံကိန်း အဆင့်(၂)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ယင်းသို့တွေ့ဆုံပြီးနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် နိပွန် ဖောင်ဒေးရှင်းမှ အမှုဆောင် ညွှန်ကြားရေးမှူး Mr. Shuichi Ohno တို့သည် ၂၀၀၇ခုနှစ် ဇွန်လမှ ၂၀၁၂ ခုနှစ် မေလအထိ ရှမ်းပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စုစုပေါင်း ကျောင်းဆောင် ၁၀၀ဆောက်လုပ်ရေးစီမံကိန်းအဆင့် (၂)နှင့် စပ်လျဉ်းသည့် သဘောတူညီမှုစာချုပ်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက်၌ မေ ၂၁ ရက်က သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးဖြစ်သည့် ပိုးလောက်လမ်းစစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ အသီးသီးတို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပုသိမ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် အသက် ၁၀ ပြည့်၊ အသက် ၁၈ နှစ်ပြည့် လဲလှယ်၊ မိတ္တူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မေ ၁၈ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ကျင်းပသည်။ ရှေးဦးစွာ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမောင်သြက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်မောင်သန်းက စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား သက်ဆိုင်ရာရပ်ကွက်အသီးသီးမှ ပြည်သူတစ်ဦးချင်းထံသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက်တွင် ၂၅၇၇ ဦး၊ အမှတ်(၂)ရပ်ကွက်တွင် ၁၂၃၉ ဦး၊ အမှတ်(၅)ရပ်ကွက်တွင် ၅၉၂ ဦး၊ အမှတ်(၆)ရပ်ကွက်တွင် ၂၈၂ ဦး စုစုပေါင်း ၄၆၉၀ တို့အတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ရထားများ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု စံချိန်တင် အမြန်ရထားခရီးစဉ်သစ်များ ခရီးသည်များကိုဆွဲဆောင်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံတွင် အမြန်ရထားခရီးစဉ်များ တိုးချဲ့ဖွင့်လှစ်ခဲ့ချိန် ဧပြီ ၁၈ရက်မှစ၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု စံချိန်တင်နိုင်ကြောင်း ရထားလုပ်ငန်းဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့် တစ်လတာကာလအတွင်း ရထားစီးခရီးသည်ဦးရေ ၁၁၅ သန်းရှိရာ လွန်ခဲ့သည့်နှစ် အလားတူကာလကထက် လေးရာခိုင်နှုန်း ပိုမိုများပြားကြောင်း၊ ရထားဖြင့် ကုန်စည်ပို့ဆောင်မှုမှာ တန်ချိန် ၂၆၃ သန်းရှိရာ ခုနစ် ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း ရထားလုပ်ငန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

တစ်ရက်အတွင်း ခရီးသည်ပို့ဆောင်မှု စံချိန်တင်နိုင်သောနေ့ရက်မှာ မေ ၁ ရက်ကဖြစ်ကြောင်း၊ ကမ္ဘာ့အလုပ်သမားနေ့ အားလပ်ရက်များအတွင်း ပြည်သူ ၅ ဒသမ ၄၈ သန်း ရထားဖြင့် ခရီးသွားလာခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ရထားခရီးစဉ်များ၏ ၉၉ ရာခိုင်နှုန်းမှာ အချိန်မှန် ဝင်ထွက်သွားလာနိုင်ကြောင်း၊ လက်မှတ်ခ ဈေးနှုန်းမှာလည်း တည်ငြိမ်မှုရှိကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် အမြန်ရထားခရီးစဉ်သစ်များသည် ခုတ်မောင်းချိန်မြန်ဆန်ပြီး လက်မှတ်ခကို မြှင့်တင်ခြင်းမရှိသဖြင့် ခရီးသည်များ နှစ်ခြိုက်မှုရှိကြောင်း၊ အမြန်ရထားစီးနင်းသူ ခရီးသည်ဦးရေ တိုးပွားလာကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် အမြန်ရထားများ၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၁၁၅ ကီလိုမီတာနှုန်းရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ကျင့်ဆိပ်ကမ်းရှိ ကုန်သေတ္တာစခန်းကို မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ၊ ၁၀ ဦး သေဆုံး

ကိုခ်စ် (အာဖဂန်နစ္စတန်) မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းပက်ခ်တီယာ ပြည်နယ်တွင် မေ ၂၀ရက်က ဈေး၌ အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား၁၀ဦးသေဆုံးပြီး ၃၀ ထက်မနည်း ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် တာလီဘန်ပြောက်ကျားများ၏ လက်ချက်ဖြစ်မည်ဟု တာဝန်ရှိသူများက ပြောဆိုသည်။ ဂါနီပြည်နယ်ကွာရာဘတ်ချ်ဒေသတွင် မေ ၁၉ ရက်က နေတိုးနှင့်အာဖဂန်တပ်ဖွဲ့တို့နှင့်တာလီဘန်ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားသည်။ တာလီဘန်ပြောက်ကျား ၃၀သေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိကာ ၁၂ဦးကိုဖမ်းဆီးခဲ့ကြောင်း၊ ယင်းတိုက်ပွဲတွင် ရဲအရာရှိသုံးဦး ပျောက်ဆုံးသွားပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယင်းဒေသတွင် တာလီဘန်ပြောက်ကျားများ မိမိတို့အဖွဲ့ကို တိုက်ခိုက်မည့်အစီအစဉ်ကို သတင်းရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အာလီရှာမလ်ကယာက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



အမေရိကန်တွင် ချောင်းမြောင်းပစ်ခတ်သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

လော့စ်အိန်ဂျလိစ် မေ ၂၂

အမေရိကန်ပြည်ထောင်စု အိုင်ဒါဟိုပြည်နယ် မော်စကိုမြို့၌ ညဉ့်နက်ပိုင်းတွင် ချောင်းမြောင်း ပစ်ခတ်မှုဖြစ်ပွားသဖြင့် သုံးဦးသေဆုံးပြီး၊ နှစ်ဦးဒဏ်ရာရရှိကြောင်း ကရမ်ရုပ်မြင်သံကြားက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

လာတာစီရင်စုတရားရုံး အပြင်ဘက်တွင် စနေနေ့က ချောင်းမြောင်းပစ်ခတ်မှုကြောင့် ရဲတပ်ကြပ်ကြီး နယူးဘီသည် ဆေးရုံသို့ ရောက်ရောက်ခြင်း သေဆုံးသွားခဲ့သည်။ ယင်းပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးနှင့် အခြားရဲအရာရှိတစ်ဦးတို့ ဒဏ်ရာရရှိကြပြီး ဆေးရုံတင်ထားရသည်ဟု ရုပ်မြင်သံကြားသတင်းတွင် ဆက်လက်ဖော်ပြသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ချောင်းမြောင်းပစ်ခတ်သူက ပရက်စ်ဘီတာရီယန် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ဝင်ရောက်ပုန်းအောင်းသည်။ ရဲတပ်ဖွဲ့က အဆိုပါ ဘုရားရှိခိုးကျောင်းအတွင်း ဝင်ရောက်ရှာဖွေရာအလောင်းနှစ်လောင်း တွေ့ရှိခဲ့ပြီး သေနတ်သမားသေဆုံးသည်ဟု ယူဆရသည်။

အခြား အလောင်းတစ်လောင်း၏ အနီးတွင် မောင်းပြန်သေနတ်တစ်လက်တွေ့ရှိပြီး သေနတ်သမား၏ လက်နက်ဟု ရဲတပ်ဖွဲ့က ယူဆထားသည်။

မော်စကိုမြို့သည် ဝါရှင်တန်နယ်စပ်အနီးရှိ အိုင်ဒါဟိုပြည်နယ်တွင် တည်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အင်ဒိုနီးရှားနိုင်ငံအနောက်ဂျာဗားဒေသ ပူလူဘာယန်ကမ်းခြေဒေသတွင် ပင်လယ်လှိုင်းလုံးများ ရိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်အဆောက်အအုံအချို့ကို မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျူကလီးယားလောင်စာနှင့် လျှပ်စစ်ဓာတ်အား ငါးနှစ်အတွင်း အီရန်ထုတ်လုပ်မည်

တီဟီရန် မေ ၂၂

အီရန်နိုင်ငံက နျူကလီးယားလောင်စာနှင့် လျှပ်စစ်ဓာတ်အားကို ငါးနှစ်တာကာလအတွင်း ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း အီရန်မှ နျူးကလီးယားဆိုင်ရာ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

လာမည့်ဆယ်စုနှစ်အတွင်း အီရန်က နျူကလီးယား လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့်နိုင်ငံတွင် ပါဝင်လာတော့မည်ဖြစ်သည်ဟု အီရန် အဏုမြူစွမ်းအင်အဖွဲ့မှ ဒုတိယအကြီးအကဲက ပြောကြားသည်။

၎င်းက အာရပ်တက္ကသိုလ်တွင် ကျင်းပသည့် နီးနှောဖလှယ်ပွဲတစ်ခုတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အီရန်တို့ကိုယ်တိုင် တစ်ဆင့်ပြီးတစ်ဆင့်ကြိုးပမ်းပြီးရရှိမည့် အဆိုပါ နျူကလီးယား လျှပ်စစ်ဓာတ်အားနည်းပညာကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်နေပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်အနေဖြင့် အဆိုပါ နျူကလီးယားဓာတ်အားကို ပြီးပြည့်စုံလုံလောက်စွာ ထုတ်ယူနိုင်ရန်နှင့် လျာထားသတ်မှတ်ချက်မျာ းပြည့်မီရေးအတွက် ခေတ်မီနည်းပညာအမျိုးမျိုးတို့ လေ့လာသွားရမည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အီရန်က ၂၀၂၅ ခုနှစ်အတွင်း မဂ္ဂါဝပ် ၂၀၀၀၀ အားရှိ နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀ ဆောက်လုပ်ရန်လိုအပ်သည်ဟု နျူကလီးယားစွမ်းအားမဟာဗျူဟာအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်တွင်းဖြစ်ပစ္စည်း သုံးစွဲမှု နီပေါမြှင့်တင်မည်

ခတ္တမန္ဒူ မေ ၂၂

နီပေါနိုင်ငံ၌ ပြည်တွင်းဖြစ်ပစ္စည်းများသုံးစွဲမှု မြှင့်တင်ပေးရေးကို ရည်ရွယ်လျက် နိုင်ငံတစ်ဝန်း နံရံကပ်ကြော်ငြာကပ်သည့် အစီအစဉ်တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း အာရ်အက်စ်အက်စ်သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

မျှော်လင့်ထား

နီပေါနိုင်ငံ၌ ပြုလုပ်သည့် နံရံကပ်ကြော်ငြာကပ်မည့်အစီအစဉ်ကို နီပေါလုပ်ငန်းရှင်များ ဖိုရမ်က စတင်လိုက်ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပေါ် နှစ်သက်မှုနှင့်စွဲလမ်းမှုကို ဖြစ်ပေါ်စေမည်ဟု စီစဉ်သူများက မျှော်လင့်ထားကြသည်။

ဖိုရမ်ဥက္ကဋ္ဌ ဆာအူရေးဂျိုတီက ခတ္တမန္ဒူမြို့၌ စနေနေ့တွင် နံရံကပ်ကြော်ငြာတစ်ရွက်ကို ကပ်ကာ အစီအစဉ်ကို စတင်လိုက်သည်။ အခြားခရိုင်များနှင့် မြို့နယ်များ၌လည်း မကြာမီ ပြုလုပ်မည်ဖြစ်ကြောင်း အာရ်အက်စ်အက်စ်သတင်းဌာနက ဖော်ပြသည်။

နီပေါနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုကို အသုံးပြု ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း၊ အမျိုးသားစီးပွားရေးဘဝကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းသည့်အနေဖြင့် သင့်လျော်သည့်နေရာများ၌သာ နံရံကပ်ကြော်ငြာများကို ကပ်မည်ဖြစ်ကြောင်း စီစဉ်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တစ်နေရာ၌ တပ်ဆင်ထားသော အသေးစားလေအားလျှပ်စစ် ထုတ်လုပ်ရေးရဟတ်တစ်ခုကို မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံခဲ့ရသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ရှာဖွေမှု ရက်သတ္တနှစ်ပတ်ကာလ၌ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် စနေနေ့က လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် စကားပြန်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက လက်ပစ်ဗုံးများ၊ လက်နက်ငယ်များနှင့် ဗုံးလုပ်သည့်ပစ္စည်းများကို ဘဂ္ဂဒက်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ဖော်ထုတ်ခဲ့သည်။

ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် မေ ၁၂ ရက်က ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ပျောက်ဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးကို ထောင်ချီရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေဆဲဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ သေဆုံးခဲ့သည်။

ယူဆ

အယ်လ်ခိုင်ဒါ အကြမ်းဖက်နှင့် ဆက်နွှယ်မှုရှိသည့်အုပ်စုက အမေရိကန်တပ်ဖွဲ့ဝင်များ ၎င်းတို့ အုပ်စုတွင်ရှိနေသည်ဟု ကြေညာသည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့၏ တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ဒေးဗစ်ရော့စ်က တပ်ဖွဲ့ဝင်နှစ်ဦးထက်မနည်း ယခုထက်တိုင် အသက်ရှင်နေသေးသည်ဟု ယူဆရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ အာကာသသိပ္ပံနှင့်နည်းပညာဆွေးနွေးပွဲ၌ ပြသထားသည့် လဆင်းယာဉ်တစ်စင်း၏ပုံစံငယ်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လစူးစမ်းရေးယာဉ်ယခုနှစ်ကုန်၌ တရုတ်လွှတ်တင်မည်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံတွင် ချန်ဂီ-၁ အမည်ရှိ ပထမဆုံး လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်ကို လွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊၂၀၀၇ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် အဆိုပါ ယာဉ်ကို လွှတ်တင်ဖွယ်ရှိကြောင်း အာကာသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

ဂြိုဟ်တုစီမံကိန်းနှင့် လူလိုက်ပါသည့် အာကာသယာဉ် စီမံကိန်းများပြီးလျှင် စူးစမ်းလေ့လာရေး စီမံကိန်းသည် တရုတ်နိုင်ငံ၏ အာကာသနည်းပညာတွင် တတိယမြောက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည် ဖြစ်ကြောင်း၊ အာကာသစူးစမ်းမှု တိုးတက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသား အာကာသထိန်းချုပ်ရေးရာဌာနအကြီးအကဲ ဆန်လိုင်ယန်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေးအစီအစဉ်ကို အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်မည် ဖြစ်ကြောင်း၊ အာကာသယာဉ်ဖြင့်လကိုပတ်ခြင်း၊ လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခြင်းနှင့် ကမ္ဘာမြေပြင်သို့ ပြန်လာခြင်းဟူ၍ သုံးပိုင်းပိုင်းခြားထားကြောင်း အမျိုးသားကာကွယ်ရေးဌာနသိပ္ပံနှင့် နည်းပညာ လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးဆန်က ပြောကြားသည်။ အဆိုပါ လစူးစမ်းလေ့လာရေး ယာဉ်သည် တရုတ်နိုင်ငံ၏ လစူးစမ်းလေ့လာရေးအစီအစဉ်၏ ပထမဆင့်ဖြစ်ကြောင်း၊ ဒုတိယဆင့်မှာ လဆင်းယာဉ် လွှတ်တင်ရေးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လဆင်းယာဉ်ကို ၂၀၁၂ခုနှစ် ကာလတွင် လွှတ်တင်မည်ဟု သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟော်မုန်းဆေး တင်သွင်းမှုဖြင့် စတားလုံးဒဏ်ငွေဆောင်ရ

ဆစ်ဒနီ မေ ၂၁

ဟောလိဝုဒ်မင်းသားစတားလုံးသည် ဖေဖော်ဝါရီလက ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ လာရောက်လည်ပတ်စဉ် တားမြစ်ထားသည့် မူးယစ်ဆေးဝါးများကို သယ်ယူမှုဖြင့် ဒဏ်ငွေ ချမှတ်ခံခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဟော်မုန်းဆေးပုလင်း ၄၈ လုံးနှင့် တက်စ်တို့စတီရွန်ဆေးပုလင်းလေးလုံး ဩစတြေးလျနိုင်ငံအတွင်းသို့တင်သွင်းမှုနှင့်ပတ်သက်၍စတားလုံးကပြီးခဲ့သည့် ရက်သတ္တပတ်၌ အသနားခံလွှာ တင်ခဲ့သည်။

ဆစ်ဒနီလေဆိပ်မှ အဆိုပါဆေးဝါးများကိုတွေ့ရှိသည့်အခါ ဆေးစာအတုကို ထုတ်ပြကြောင်း၊ ၎င်းသည်အကောက်ခွန်အရာရှိများကို လိမ်လည်လှည့်ဖြားရန် ကြိုးပမ်းခဲ့သူဖြစ်ကြောင်း ဆစ်ဒနီမြို့ တရားရုံးတော်က စစ်ဆေးတွေ့ရှိသည်။ ၎င်း၏ကျန်းမာရေးအခြေအနေအတွက် ယင်းဆေးဝါးများကို သုံးစွဲနေရကြောင်း၊ ဩစတြေးလျဥပဒေကို ချိုးဖောက်ရာ ရောက်မှန်း မသိရှိကြောင်း စတားလုံးက ပြောကြားသည်။

၎င်းကို တရားရုံးတော်က ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ချမှတ်ပြီး တရားရုံး ကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

အင်တာနက်။

ဗီယက်နမ် ကော်ဖီတင်ပို့မှု မြင့်တက် ယခုနှစ်တွင် ဒေါ်လာ ၁ဒသမ ၅ဘီလီယံရရှိမည်

ဟနွိုင်း မေ ၂၂

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ခုနှစ်တွင် ပြည်ပသို့ ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံ နီးပါးရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၀၆ခုနှစ်ကထက် ၃၆ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ပိုင်အိုးနီးယားအမည်ရှိ သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ပြည်ပသို့ ကော်ဖီတန် ၉၀၀၀၀၀ တင်ပို့မည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံကော်ဖီနှင့်ကိုကိုးလုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံက ထုတ်လုပ်သည့်ကော်ဖီ၏ဈေးနှုန်းမှာ ယခုနှစ် ပထမသုံးလတွင် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ရှိရာမှ ယခုနှစ်ကုန်အထိ အမေရိကန်ဒေါ်လာ ၁၅၀၀မှ ၁၆၀၀အတွင်း ဆက်လက်မြင့်တက်လျက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတစ်ဝန်း၌ ဘရာဇီးနိုင်ငံပြီးလျှင် ကော်ဖီဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်သည်။ ပြည်ပပို့ကုန်အဖြစ် ကော်ဖီ အမျိုးမျိုးကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံတကာကော်ဖီ ဈေးကွက်တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိသည်။ ထို့ပြင် ကော်ဖီပင် စိုက်ပျိုးရာတွင်လည်းကောင်း၊ ကော်ဖီထုတ်လုပ်ရာတွင်လည်းကောင်း ခေတ်မီနည်းစနစ်များကို အသုံးပြုလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားရှိ ရေနံစက်ရုံတိုက်ခိုက်ခံရ

လေဂို့စ် မေ ၂၂

နိုင်ဂျီးရီးယားနိုင်ငံတွင် ဖွင့်လှစ်လုပ်ကိုင်နေသည့် ပြင်သစ်တိုတယ်လ်ရေနံကုမ္ပဏီ၏ ရေနံစက်ရုံတစ်ရုံကို ဖောက်ခွဲရေးပစ္စည်းများအသုံးပြု၍ သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း ပုဂ္ဂလိကလုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူသေဆုံးမှုရှိ၊ မရှိနှင့် စက်ရုံပျက်စီးမှု ရှိမရှိမသိရသေးပေ။ တိုတယ်လ်ရေနံကုမ္ပဏီက ယင်းဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဝေဖန်ပြောကြားမှုမရှိသေးပေ။

အဆိုပါ သေနတ်သမားများက ကုန်းတွင်းပိုင်းရေနံပို့စက်ရုံ တိုက်ခိုက်ရာတွင် အင်အားပြင်း ဖောက်ခွဲရေးပစ္စည်းများ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်ဟု အမည်မဖော်သည့် သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

လက်ဘနွန်နိုင်ငံတွင် ဖြစ်ပွားသော တိုက်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦးအား ဆေးဝါးကုသရန် သယ်ယူလာသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ်းခြေအပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်

ဒန်ပါဆာ(အင်ဒိုနီးရှား) မေ ၂၂

ပြီးခဲ့သော သီတင်းပတ်က လေပြင်းတိုက်ခတ်ခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများရှိ ကမ်းခြေများသို့ လှိုင်းလုံးကြီးများရိုက်ခတ်သဖြင့် ၎င်းအပန်းဖြေစခန်းများကို ပိတ်လိုက်ရသည်။ သို့ရာတွင် ယခုအခါ၌ လေပြင်းများ ငြိမ်သက်သွားပြီဖြစ်သောကြောင့် အရှေ့တောင်အာရှနိုင်ငံများရှိ နိုင်ငံခြားသားများ လာရောက်သည့် အပန်းဖြေစခန်းများကို မေ ၂၁ ရက်နေ့က ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းလေပြင်းများတိုက်ခတ်ခြင်းသည် ၂၀၀၄ခုနှစ်က အိန္ဒိယသမုဒ္ဒရာ၌ ကျရောက်ခဲ့သော ဆူနာမီမုန်တိုင်းကို ပြန်လည်အမှတ်ရစေသည်။

အင်ဒိုနီးရှားနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအနောက်ဘက်တွင် ပြီးခဲ့သောအပတ်က တိုက်ခတ်ခဲ့သောလေပြင်းကြောင့် ခုနစ်မီတာအမြင့်ရှိသည့် လှိုင်းလုံးကြီးများ ကျရောက်ခဲ့သည်။

၎င်းနိုင်ငံများ၌ လှိုင်းလုံးကြီးများ ကျရောက်သည့် အကြောင်းကိုကြိုတင်သတိပေးမှုများ ထုတ်ပြန်ခြင်းမရှိပေ။ အင်ဒိုနီးရှားနိုင်ငံ၌ လှိုင်းလုံးကြီးများကြောင့် အနည်းဆုံး လူတစ်ဦးသေဆုံးပြီး အိမ်ခြေ ရာပေါင်းများစွာ ပျက်စီးခဲ့သည်။ ကမ်းခြေရှိ လူထောင်ပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ထိုင်းနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့၌လည်း အိမ်ခြေများနှင့် ငါးဖမ်းလှေများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

ငါးဖမ်းနေသူတစ်ဦး ရေမြင်းနှင့်မိကျောင်းကိုက်၍သေဆုံး

လူဆာကာ မေ ၂၂

ဇမ်ဘီယာနိုင်ငံရှိ ကာဖူးမြစ်တွင် လွန်ခဲ့သော သောကြာနေ့က ငါးဖမ်းနေသည့် ဇမ်ဘီယာတောင်ပိုင်းပြည်နယ်မှ အသက် ၁၈နှစ်အရွယ်အမျိုးသားတစ်ဦးသည် ရေမြင်းနှင့်မိကျောင်း များ၏တိုက်ခိုက်မှုခံရသဖြင့် သေဆုံးသွားခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။ ဇမ်ဘီယာသတင်းနှင့်ပြန်ကြားရေးဌာနက တီဇီတီဇီခရိုင်ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများကို ကိုးကား၍ ယင်းသတင်းကို အတည်ပြုခဲ့သည်။

သေဆုံးသွားသူမှာ ဘင်နီဆင်အမ်ဝါအွန်ဂါဖြစ်ပြီး လှေငယ်တစ်စင်းဖြင့် ငါးဖမ်းနေစဉ် ရေမြင်းတစ်ကောင်က လှေကိုတိုက်ခိုက်သဖြင့် ရေထဲသို့ကျသွားရာမှ မိကျောင်းများ ဝိုင်းကိုက်သောကြောင့် သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ သစ်သီးဈေးတွင် ရောင်းချသည့် ကျောက်ဖရုံသီးများကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နယ်စပ်ဂိတ်နှစ်ဂိတ် ဆီးရီးယားက ယာယီပိတ်

ဒမတ်စကတ် မေ ၂၂

လက်ဘနွန်နိုင်ငံမြောက်ပိုင်းရှိ နယ်စပ်ဂိတ်နှစ်ဂိတ်ကို လက်ဘနွန်မြောက်ပိုင်း လုံခြုံရေးအခြေအနေကောင်းမွန်လာချိန်အထိ ယာယီအားဖြင့် ပိတ်ထားမည်ဟု ဆီးရီးယားပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ကြေညာကြောင်း ဆာနာ သတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်မြောက်ပိုင်း၏ လုံခြုံရေးအခြေအနေအရလည်းကောင်း၊ ဆီးရီးယားနှင့် လက်ဘနွန်ပြည်သူလူထု၏ လုံခြုံရေး ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း အယ်လ်အရီဒါနှင့် အယ်လ်ဒက်ဘူဆီယာနယ်စပ် ဖြတ်ကူးလမ်းများကို လက်ဘနွန်မြောက်ပိုင်းတွင် လုံခြုံရေးစိတ်ချသည်အထိ ပိတ်ပင်ထားမည်ဟု ဖော်ပြပါ ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ဘနွန်ကြည်းတပ်နှင့် ဖာတာအစ္စလမ္မစ်စစ်သွေးကြွများသည် ထရီပိုလီမြို့အနီးတွင် တနင်္ဂနွေနေ့က အပြင်းအထန် တိုက်ခိုက်ခဲ့ကြသဖြင့် လက်ဘနွန်တပ်ဖွဲ့ဝင် ၂၃ ဦးနှင့် စစ်သွေးကြွ ၁၅ဦးတို့ သေဆုံးခဲ့ရသည်။

ထရီပိုလီမြို့အနီးရှိ နာအယ်လ်-ဘာဘက် ပါလက်စတိုင်းဒုက္ခသည်စခန်း အနီးတွင် တနင်္ဂနွေနေ့က ပစ်ခတ်မှုများ စတင်ခဲ့ပြီးနောက် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သူတို့ တာဝန်ကျေကြသည်

ဆရာဖုန်း

မတ်လရဲ့ ပြင်းထန်တဲ့နေပူရှိန်ကြောင့်ရယ်၊ ခြေထောက်နာတာရယ် နှစ်ခုပေါင်းပြီး ဆရာဖုန်းတစ်ယောက် အပြင်ကို မထွက်နိုင်ဘူး။

ခြေထောက်မှာ ဖွေပေါက်သူလို့ လူတကာက အပြောခံရလောက်အောင်ခြေများတဲ့ ဆရာဖုန်း အိမ်ထဲမှာ ဘာလုပ်နေတယ်မှတ်လဲ။

မြန်မာ့အသံဖွင့်နားထောင်တယ်၊ CITY FM ဖွင့်တယ်။ ညဘက်ကျ မြန်မာ့ရုပ်မြင်သံကြားနဲ့မြဝတီကြည့်တယ်။ ဘောလုံးပွဲတွေ ငြိုပြတ်တုမှာရှာတယ်။ စိတ်ဝင်စားမှုမရှိရင် 8 in 1၊ 12 in 1 Action ကားတွေ ကြည့်တယ်။ ဘောလုံးဂျာနယ်တွေဖတ်တယ်။

မတ်လ ၂၇ ရက် တပ်မတော်နေ့ နီးတော့ ရုပ်မြင်သံကြားမှာ ဇာတ်လမ်းလာတယ်။ ဒီမှာတင်ပဲ တပ်ကြပ်ကြီးရဲတင့်နဲ့ တွေ့တော့တာပဲ။

တပ်ကြပ်ကြီး ရဲတင့်ကိုတွေ့ရတော့ **"ဝေလည်းမွေး ကြွေလည်းမွေး"** က တပ်ကြပ်ကြီးဖိုးစီကို သတိရလိုက်တယ်။ တပ်ကြပ်ကြီးဖိုးစီကို တစ်ပြည်လုံးက လက်ခံကြပြီးသားပါ။ ကြိုက်လဲကြိုက်ကြပါတယ်။

ခုလာပြန်ပြီ တပ်ကြပ်ကြီးရဲတင့်၊ ပေါ်လစီကားလို့ ပြောပြောစစ်တပ်ကိုဖားပြီး ရိုက်ကြတယ်ပဲဆိုဆို ကောင်းပါတယ်။

ဖိုးစီကော၊ ရဲတင့်ကော တစ်မျိုးတစ်ဘာသာစီ ကောင်းကြတာကိုတွေ့ရတယ်။

တပ်ကြပ်ကြီးဖိုးစီကို ဇာတ်ပို့ဆုပေးလို့ ဆူလောင် ပူညံသံတွေတောင် စာနယ်ဇင်းတွေမှာ ဖတ်လိုက်ရပါသေးတယ်။

သရုပ်ဆောင်တဲ့သူတွေကလည်း ပညာသည်တွေဆိုတော့ ပီပြင်ကြတယ်။

ဒါရိုက်တာရယ်၊ သရုပ်ဆောင်ရယ်၊ ဇာတ်ရံတွေရယ် မျှမျှတတနဲ့ တပ်မတော်သားတွေရဲ့ဘဝကို ဖော်ကျူးတာ ရင်ထဲထိတယ်ဆိုရမှာပေါ့။

တပ်ကြပ်ကြီးရဲတင့်ကိုကြည့်ပြီး တစ်ဆက်တည်း တွေးမိတာက သူတို့တာဝန်ကျေကြလေသတည်းပေါ့။

အနုပညာစွမ်းအားနဲ့ တစ်ဖက်တစ်လမ်းက နိုင်ငံအကျိုးပြု ဇာတ်ကားကြီးကို အားကြိုးမာန်တက် ကြိုးစားအားထုတ်ကြတဲ့ ဒါရိုက်တာနဲ့ သရုပ်ဆောင်အားလုံးကို လေးစားမိတယ်ဗျာ။ အနုပညာရသလည်း ထိထိမိမိ ရှိကြပါပေတယ်။

အဲဒီ မတ် ၂၇ ရက် မတိုင်မီမှာပဲ မြန်မာ့အသံမှာ တွေ့ဆုံခန်းလာတယ်။ ဂီတလုလင်မောင်ကိုကိုနဲ့ တွေ့ဆုံခြင်းပေါ့။

ရှေးဘုရင်များလက်ထက်ကနေ ယနေ့အထိ စစ်ချီစစ်တေးတွေ ဘယ်လိုဖွဲ့နွဲ့ကြတယ်၊ ဆိုကြတယ်ဆိုတာတွေကို ပြောပြသွားပါတယ်။

တပ်မတော်သားတွေရဲ့ဘဝ၊ စွန့်စားမှု၊ ကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်တဲ့ သူတွေအတွက် ထာဝရအမြဲတမ်း ရေးဖွဲ့သီကုံးစပ်ဆို ဂုဏ်ပြုဦးမယ်ဆိုတဲ့စကားပါ။ လေးစားခြင်းသိပ်ဖြစ်မိပါတယ်။

နိုင်ငံတော်ကို အဘက်ဘက်ကနေ ဝိုင်းပြီး ထိုးနှက်၊ချေမွ၊သပ်လျှိုသွေးခွဲ လုပ်နေကြတဲ့အချိန်မှာ–

နိုင်ငံတော်ကို အင်နဲ့အားနဲ့ ကာကွယ်စောင့်ရှောက်နေကြတဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုတာဟာ ဖားတယ်လို့ မဆိုနိုင်ပါဘူး။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာပါ။

တပ်ကြပ်ကြီးဖိုးစီတို့၊ တပ်ကြပ်ကြီး ရဲတင့်တို့လို တပ်မတော်သားကြီးတွေ၊ သူတို့မျိုးဆက်တွေရဲ့ စိတ်ဓာတ်တွေဟာ တပ်မိသားစုမှာရော အပြင်မှာရော ရှိသင့်ရှိထိုက်ကြောင်း တွေ့ရမှာပါ။

ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကို တည်ဆောက်နေချိန်မှာ လူတိုင်းလူတိုင်းဟာ တာဝန်ကိုယ်စီ ယူသင့်နေကြပါပြီ၊ အတွေးအခေါ်ဟောင်းတွေလည်း စွန့်ဖို့လိုနေပါပြီ။

ထစ်ခနဲရှိ တည်ဆဲအစိုးရကို စွပ်စွဲပုတ်ခတ် အပြစ်ဖို့ အပြစ်ရှာနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ အမှန်ကိုအမှန်အတိုင်း မြင်ဖို့လိုကြပါပြီ။

ဒါကို ဆောင်းပါးရှင် **"ငါးမင်းဆွေ"** က လုပ်ငန်းရှင်တစ်ဦးအနေနဲ့ မိမိကိုယ်ပိုင်စီးပွားရေးလုပ်ရင်း နိုင်ငံတော်ကို အလိုလို အကျိုးပြုလုပ်ဆောင်မှုတွေ ဖြစ်လာရတာကို တင်ပြထားတာ တွေ့ရပါတယ်။

RFA, VOA, BBC တို့က ဇာတ်ကောင်အကျော်အမော်တွေကိုလည်း **"ငါးမင်းဆွေ"** ဖိတ်ခေါ်ထားပုံကလေးတွေက လှပါတယ်။

မိမိစီးပွားရေးကိုလည်းလုပ်ပါ၊ လုပ်ရင်းကနေ နိုင်ငံကို ဘယ်လိုအကျိုးပြုလာနိုင်တယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းထားတာပါ။

ရှေ့ကလည်း မသွား၊ နောက်ကလည်း မလိုက်၊ ဘေးကနေကန့်လန့်လိုက်နေတဲ့ လွယ်အိတ်နှင့်တူသော ကဖျက်ယဖျက်သမားလူနည်းစုကို လူတိုင်းက ရှောင်ကြဉ်သင့်တဲ့ အချိန်ရောက်ပါပြီ။

လွန်ခဲ့သော နှစ်များကစပြီး နိုင်ငံကြီးတစ်နိုင်ငံရဲ့ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် နိုင်ငံမှာ အထည်ချုပ်စက်ရုံကြီးတွေ မလည်ပတ်နိုင်တော့ သာမန်အလုပ်သမား၊ အလုပ်သမတွေ အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခ ရောက်ကြရပါတယ်။

ကမ္ဘာလှည့်ခရီးသည်တွေ မလာဖို့၊ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြဖို့၊ စက်ရုံ၊ အလုပ်ရုံတွေ မဖွင့်ကြဖို့ တဖွဖွ၊ တစာစာ အော်နေကြတာ၊ ပိတ်ဆို့နေကြတာတွေဟာ မကောင်းပါဘူး။

နိုင်ငံမတိုးတက်ပဲ၊ သာမန်ပြည်သူတွေ ဒုက္ခရောက်ကြတာပါပဲ။

ဆောင်းပါးရှင်တစ်ဦး (နာမည်–မမှတ်မိတော့ပါ) ရေးတာဖတ်လိုက်ရပါတယ်။ ဆိုလိုရင်းကတော့ နယ်လ်ဆင်မင်ဒဲလားက သူ့တိုင်းပြည် (တောင်အာဖရိက)မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ နှေးကွေးလွန်းပြီး မတိုးတက် ဘဲ ဖြစ်ရခြင်းအကြောင်းရင်းဟာ နိုင်ငံကို နှစ်ပေါင်းများစွာ ပြည်ပက စီးပွားရေးပိတ်ဆို့မှုတွေကြောင့်ဆိုတဲ့ သံဝေဂရတဲ့စကားပြောသွားခြင်းပါပဲ။

မြန်မာနိုင်ငံမှာလည်း အဖျက်အမှောင့်လုပ်ဖို့ တစာစာလှုံ့ဆော်ပြီး ပြည်ပရဲ့ ပိတ်ဆို့ရေး၊ ဖြတ်တောက်ရေးကို တောင်းဆိုထောက်ခံနေတဲ့ NLD တွေ၊ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ ဆရာလေးတွေ မင်ဒဲလားရဲ့ သံဝေဂစကားကို သတိမူသင့်ပါတယ်။

ဂျာနယ်တစ်စောင်မှာ ဆောင်းပါးရှင် ချမ်းမြသော်က မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးကိုပြောရရင် NLDနဲ့ တည်ဆဲအစိုးရကြားပြဿနာပဲဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

ပြည်သူလူထုနဲ့ အစိုးရကြား ပြဿနာမဟုတ်ပါဘူး။ NLDဟာ ပြည်သူကို ကိုယ်စားမပြုရုံတင် မဟုတ်ဘူး။ သူ့ပါတီဝင်တွေကိုတောင် ကိုယ်စားမပြုတော့ဘူးလို့ ဆိုထားတာတွေ့ရပါတယ်။

ဒီတော့ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဘာတစ်ခုမှ မလုပ်ခဲ့တဲ့ NLD က ပြည်သူ့အကျိုးယုတ်လုပ်ငန်းတွေကို အကောင်အထည်ဖော် လုပ်ဆောင်နေတာဟာ တိုင်းပြည်နစ်နာလှပါတယ်။

ငါတို့တက်မှ၊ ငါတို့အုပ်ချုပ်ရမှ၊ မင်းတို့အကူအညီပေးကြပါ။ ငါတို့ အာဏာမရမချင်း တည်ဆဲအစိုးရကို အကျပ်ကိုင်ဖိအားပေးပါ။ စီးပွားရေး ပိတ်ဆို့ကြပါလို့ အော်နေရင်းက…

နိုင်ငံခြားသံရုံးတွေနဲ့ ဆက်သွယ်၊ အကူအညီတောင်း၊ အကြံပေးတဲ့အတိုင်း (အမိန့်ပေးတဲ့အတိုင်း) NLDနဲ့အပေါင်းပါတွေ လိုက်လုပ်နေကြလို့ကတော့ တိုင်းပြည် ဘယ်လိုမှ တိုးတက်လာမှာမဟုတ်ပါဘူး။

ဒါကြောင့် ဆောင်းပါးရှင်ချမ်းမြသော်က အမျိုးသားနိုင်ငံရေးဖြစ်စဉ်မှာ NLDကို ချန်ထားရစ်တာ အကောင်းဆုံးလို့ ကောက်ချက်ချသွားတာပါ။

ဂျပန်နိုင်ငံကနေ မြန်မာတစ်ပြည်လုံးမှာ မူလတန်းကျောင်း ၄၀၀ ကျော်ဆောက်ပြီး လှူဒါန်းဖို့အလုပ်မှာ NLDက ထကန့်ကွက်လို့ ဆရာဖုန်းတို့နိုင်ငံက တောချုံအုံကြားတွေမှာ ကျောင်းကောင်းကောင်းတွေရမယ့်အကျိုး ဖြစ်မလာတာဟာ စိတ်မကောင်းစရာပါပဲ။

ဒါ–နိုင်ငံရေးတဲ့လားဗျာ။

ပြည်ပမှ ငွေကြေးထောက်ပံ့မှုတွေ၊ နည်းပညာ အကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ သွေးရိုးသားရိုးနဲ့ ပုံမှန်အတိုင်း စီးဝင်များပြားလာရင် ဆရာဖုန်းတို့နိုင်ငံက သယံဇာတကြွယ်ဝပြီးသားပါ။ ချက်ချင်းထောင်ပြီး တိုးတက်လာမှာပါ။

NLD နဲ့ ၈၈မျိုးဆက် ကျောင်းသားအမည်ခံ နိုင်ငံရေးလုပ်စားသူတွေ ဖြတ်လမ်းက အာဏာရဖို့အတွက် မြန်မာနိုင်ငံကို အကျပ်ကိုင်ဖို့အမေရိကန်က ၂၀၀၆ စက်တင်ဘာလထဲမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါမှာ မြန်မာနိုင်ငံ၏အခြေအနေ (Situation in Myanmar)ဆို တဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးဖို့ တောင်းဆိုခဲ့တယ်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှာတော့ အမေရိကန်နဲ့ ဗြိတိန်ပေါင်းပြီး မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး အဆိုပြုချက်မူကြမ်းကို တင်သွင်းပြန်တယ်။

ဒီတော့ ဘာဖြစ်သလဲ။ အမှန်တရားကိုမြတ်နိုးတဲ့၊ မှန်ကန်တဲ့ မူဝါဒရှိတဲ့ နိုင်ငံတွေက အမှန်တရားကို လက်ရှိကိုင်စွဲထားတဲ့ မြန်မာနိုင်ငံ ဘက်ကနေ အခိုင်အမာရပ်တည်ပြီး ပယ်ချရှင်းလင်းဖြေရှင်းလိုက်ကြတယ်လေ။

မြန်မာ့ပြည်တွင်းရေးဟာ ဒေသတွင်းမှာရော နိုင်ငံတကာအသိုင်း အဝိုင်းရဲ့ လုံခြုံရေးကို မခြိမ်းခြောက်ပါဘူးလို့ ရဲရဲဝံ့ဝံ့ထောက်ခံလိုက်ကြတယ်လေ။

ဆရာဖုန်းကတော့ အတွေးတွေချဲ့မိတယ်၊ မြန်မာနိုင်ငံအပေါ် ရန်သူလိုဆက်ဆံနေတဲ့ အဲဒီနိုင်ငံတွေကို အံ့ဩတဲ့စိတ်နဲ့ ကြည်ညိုရိုသေခြင်းကင်းစွာ စက်ဆုပ်ရွံရှာတဲ့ စိတ်တောင်ဖြစ်မိတယ်။ (လုံခြုံရေးကောင်စီမှာ တကယ်လို့များ အောင်မြင်ခဲ့ရင်ပေါ့)

တွေ့ဆုံဆွေးနွေးမလား။

အလုံးစုံပျက်သုဉ်းရေး ရွေးမလားဆိုတဲ့ ခြိမ်းခြောက်တဲ့စကားတွေ။

ယူဂိုဆလပ်မှာ စစ်ဗိုလ်ချုပ်ကြီးတွေက တွေ့ဆုံဆွေးနွေးရေးကို လက်မခံလို့ ဗုံးတွေကြဲချနေတာ ယူဂိုဆလပ်ပြည်သူတွေ သေကြဦးပေါ့ဆိုတဲ့ NLD ဒေါ်စုကြည်ရဲ့ စကားတွေကို ပြန်တွေးကြည့်ရင် အရမ်းကို စက်ဆုပ်စရာကောင်းပါတယ်။

သူ့အာဏာရဖို့အတွက် အားလုံးကို စတေးပစ်မယ်ဆိုတာမျိုးပေါ့။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကို တည်ဆောက်နေချိန်မှာ လူတိုင်းလူတိုင်းဟာ တာဝန်ကိုယ်စီ ယူသင့်နေကြပါပြီ၊ အတွေးအခေါ်ဟောင်းတွေလည်း စွန့်ဖို့လိုနေပါပြီ။

ထစ်ခနဲရှိ တည်ဆဲအစိုးရကို စွပ်စွဲပုတ်ခတ် အပြစ်ဖို့အပြစ်ရှာနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ အမှန်ကိုအမှန်အတိုင်းမြင်ဖို့လိုကြပါပြီ။

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သူအာဏာရဖို့အတွက် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေနဲ့ လဲရ-လဲရ ဆိုတဲ့ သူမျိုးကိုတော့ နိုင်ငံခေါင်းဆောင် မတင်ချင်ဘူးဗျာ။

သူ့သမိုင်းကြောင်းကလဲ မကောင်းဘူးလေ။ မြန်မာ့လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်နှာကိုမှမထောက်၊ မြန်မာပြည်သူတွေရဲ့ မျက်နှာကိုလည်း အလေးမထား၊ အမျိုးဂုဏ်ကိုစောင့်သိ၊ ရိုသေရမှန်းလည်းမသိဘဲ ရမ်းချင်တိုင်းရမ်းနေတဲ့ အဲဒီအမျိုးသမီးလက်ထဲ အာဏာများ ရောက်သွားခဲ့လို့ကတော့ ဆရာဖုန်းတို့တိုင်းပြည် ဘာဖြစ်သွားမလဲတောင် မတွေးရဲတော့ဘူး။

ဆောင်းပါးရှင် ဝဿန်က **"အန်တီစုလာရာလမ်းသို့ ပြန်သွားပါ"**လို့ ဆိုနေပါပြီ။

ခေတ်အဆက်ဆက် ဗိုလ်မင်းရောင်တို့ လက်ထက်မှသည် ဗိုလ်ချုပ်အောင်ဆန်းအထိ ရာဇဝင်မော်ကွန်းထိုးခဲ့တဲ့ မိသားစု၊ အခုတော့ မျိုးရိုးတိမ်ကော ပပျောက်ကိန်း ကြုံနေရခြင်းဟာ ဆရာဖုန်းတို့အတွက် စိတ်မကောင်းခြင်းများစွာနဲ့ လည်ပင်းနင်နေတယ်ပေါ့ဗျာ။

လုံခြုံရေးကောင်စီကို ခုတုံးလုပ်ပြီး ဖိအားပေးဖို့ ဖြစ်မလာတော့ ဘာသာရေး၊ လူ့အခွင့်အရေး စတဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်တွေနဲ့ ထိုးနှက်တိုက်ခိုက်ကြလာပြန်ရော။

ထမင်းငတ်တဲ့ဗိုက်ဟာ ကျည်ဆန်ကို မကြောက်ဘူးဆိုတဲ့ ပြည်ပမှာ ခိုမ်ကျနေသော ပြည်ပြေးတွေရဲ့ မြှောက်ထိုးပင့်ကော်စကားဟာ အရင်က အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်နဲ့ မဆလပါတီလက်ထက်ကဆို မှန်ကောင်းမှန်မှာပါ။

လက်ရှိ တပ်မတော်အစိုးရအုပ်ချုပ်မှုအောက်မှာတော့ ဒီစကားဟာ မမှန်တော့ပါဘူး၊ ဒီစကားမျိုး သုံးဖို့လိုလည်း မလိုအပ်ပါဘူး။

၁၉၈၈ မှာ တိုင်းပြည်အဘက်ဘက်က ချွတ်ခြုံကျနေရာကနေ ယခုလို တိုးတက်စည်ပင်အောင် လုပ်ဆောင်နိုင်ဖို့ဆိုတာ အချိန်လိုပါတယ်၊ ငွေကြေးလိုပါတယ်၊ အဓိကကတော့ စိတ်ဓာတ်ပါပဲ။

အားလုံးက စိတ်ရင်း စိတ်စေတနာအမှန်နဲ့ ပါဝင်ပူးပေါင်းလုပ်ဆောင်ကြရင် တကယ်ကို ကောင်းသွားမှာပါ။

လုပ်လဲ လုပ်နေကြလို့ ငြိမ်းချမ်းခြင်းရဲ့အရသာကို လူတိုင်းခံစားနေကြရပြီပဲ။

ငြိမ်းချမ်းခြင်း၊ ငြိမ်းချမ်းရေးဆိုတာ တကယ့်ကို အနှစ်သာရရှိပါတယ်။

ဘယ်သူတွေ ဘယ်လောက် တာဝန်ကျေတယ်ဆိုတာ မိမိကိုယ်ကို မိမိအသိဆုံးပါပဲ။

မိသားစုအတွက်၊ ရပ်ကွက်အတွက်၊ မြို့နယ်အတွက်၊ တိုင်းအတွက်၊ နိုင်ငံအတွက် လူတိုင်း(နိုင်ငံရေးသမားဆိုသူတွေ အပါအဝင်) တာဝန်ကျေဖို့လိုအပ်ချိန်မှာ မိမိကိုယ်ကို ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။

ငါ-တာဝန်ကျေရဲ့လား၊ ငါလုပ်ခဲ့တာတွေ မှန်သလား၊ မှားသလား။

ငါ့ရဲ့ အပြုအမူအပြောအဆိုတွေဟာ သာမန်ပြည်သူ၊ ပြည်သားတွေအတွက် အကျိုးပြုသလား။

ရှေ့ကို ကြိုတင်စဉ်းစားကြပါ။ လုပ်ဆောင်ကြပါလို့ ဆရာဖုန်းတိုက်တွန်းချင်ပါတယ်။

ဒီလိုမှမဟုတ်ရင်လဲ ဘေးထိုင်ဘုပြော ကန့်လန့်တိုက် မနေပါနဲ့။ ရှေ့ကမသွားနိုင်ရင်၊ လက်တွဲပြီး မလျှောက်လှမ်းနိုင်ရင် နောက်ကသာလိုက်ခဲ့ပါ။

တစ်နေ့တော့ အားလုံးမျှော်လင့်တဲ့ ငြိမ်းချမ်းသာယာသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် အောင်မြင်ရောက်ရှိမှာ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးကို မြန်မာလိုတွေးပြီး မြန်မာ့စိတ်ရင်း စိတ်ဓာတ်နဲ့ တည်ဆောက်ကြရအောင်လားဗျာ။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၅-၂၀၀၇)

မိုးကောင်း	၅ ဒသမ ၄၃ လက်မ
ဘားအံ	၃ ဒသမ ၁၅ လက်မ
ထားဝယ်	၂ ဒသမ ၂၈ လက်မ
မြစ်ကြီးနား	၁ ဒသမ ၇၇ လက်မ

လက်ဆောင်ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော် လေဆိပ်ခန်းမ၌ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတို့ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ကျောက်မဲနှင့် သီပေါမြို့နယ်တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ရောက်ရှိကြပြီး ခရိုင်ဦးစီးဌာနမှူးရုံးအတွင်း ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ခရိုင်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘဝင်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် ဦးစီးဌာနမှူး ဦးသန်းဝင်းက ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လူမှုရေး အသင်းအဖွဲ့များကလည်း လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကျောက်မဲ ခရိုင် ဦးစီးဌာနမှူးရုံးအတွင်း ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။ (လူဝင်မှုကြီးကြပ်ရေး)

ယင်းနောက် ဝန်ကြီးသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး ကျောက်မဲမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းခန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုဆိုင်ရာ စာရင်းမှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့သည် ကျောက်မဲမြို့မှ ဆက်လက်ထွက်ခွာ၍ မွန်းလွဲ ၁ နာရီခွဲတွင် သီပေါမြို့သို့ ရောက်ရှိကာ မြို့နယ်ခန်းမ၌ သီပေါမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လူ့ပ်ရှားမှုတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် သီပေါမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းလုပ်ငန်းကို လူ့ပ်ရှားမှုတစ်ရပ်အနေဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ကျောက်မဲမြို့နယ်၌ ၃၅၀၊ သီပေါမြို့နယ်၌ ၃၁၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးရှိ ကျောင်းသားမိဘာ ဝန်ထမ်းများအား ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး ဧက ၆၇၇၇ ကေ ဆည်ရေပေးဝေနိုင်ကာ ၇၄ မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်မည်

☞ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ရောက်ရှိကြပြီး တံတားကြီးပေါ်မှ ဧရာဝတီမြစ်အတွင်း သင်္ဘောများသွားနေမှု၊ မြစ်ကြောင်းစီးဆင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တံတားကြီးပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(မကွေး)မင်းဘူးဘက်ခြမ်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာမှူးကြီး ဦးမင်းဇံက ဧရာဝတီတံတား(မကွေး) ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သင်္ဘောများ၊ သစ်ဖောင်၊ ဝါးဖောင်များ တံတားကြီးအောက်မှ ဖြတ်သန်းရာတွင် လိုက်နာရမည့် စည်းကမ်း၊ တံတားပေါ်မှ ဖြတ်သန်းအသုံးပြုသူများ လိုက်နာရန်စည်းကမ်းနှင့် တံတားကြီးနှင့် ရေစီးရေလာအခြေအနေတို့ကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေး၍ စစ်ဆေးချက်များကို အချိန်မှန်တင်ပြကြရန်မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်စုရပ်မှ တံတားကြီးနှင့် ရေစီးရေလာအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး-မင်းလှလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မင်းဘူးခရိုင် မင်းဘူးမြို့ မိုင်တိုင်(၉/၇)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတာဝန်ယူ၍ ထန်းပင်ယင်းချောင်းကိုဖြတ်ကာ တည်ဆောက်လျက်ရှိသော ရွာသာယာတံတားသို့ရောက်ရှိကြပြီး တံတားကြီးကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ တံတားအရှည်မှာ ၂၅၂ပေနှင့် တံတားအမျိုးအစားမှာ အုတ်ရေလယ်တိုင်နှင့် သံကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး ၈၀ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၁၆/၄)ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး သရက်-မင်းလှအပိုင်း မီးရထားစီမံကိန်းရုံးရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(မြို့ပြ) ဦးသီဟန်က ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများအားလုံး တစ်ပြိုင်တည်းအမြန်စတင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းစီမံချက်နှင့်အညီ သတ်မှတ်ချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် တံတားတည်ဆောက်ရေးအဖွဲ့ကလည်း မိမိတို့ဆောက်လုပ်ရမည့်တံတားလုပ်ငန်းများကို အမြန်ညှိနှိုင်းစီစဉ်၍ တစ်ပြိုင်တည်း စီစဉ်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး-မင်းလှလမ်း မိုင်တိုင်(၁၆/၄)ရှိ ရှုရပ်မှ ရထားလမ်းအုကြောင်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းလှ-မင်းဘူးလမ်းဆုံ မိုင်တိုင်(၆)မိုင်၌ မင်းဘူးမြို့နယ် ကုန်သာကျေးရွာ နှစ်ဧက ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀စိုက်ပျိုးပွဲသို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ရေလွှဲတူးမြောင်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာတွင် ရေစိမ့်တားလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေလှောင်တမံရှုရပ်မှ ရေပိုလွှဲကွန်ကရစ် လောင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားပြီး ရှုရပ်မှ ရေလှောင်တမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေလှောင်တမံမှာ ဇုန်တမံအမျိုးအစားဖြစ်သည့် တမံအလျား ပေ ၃၂၀၀၊ အမြင့် ၁၆၄ပေဖြစ်ပြီး ဧက၆၇၇၇ကေ ဆည်ရေပေးဝေနိုင်ကာ ၃၇မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် ၇၄ မဂ္ဂါဝပ်ရေအားလျှပ်စစ် ထုတ်လုပ်ပေးနိုင်ရန် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)မိုင်တိုင်(၁၃၆/၁)၌ မင်းဘူးမြို့ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်လျက်ရှိသော မုန်းချောင်းတံတားတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးဘစောက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

အဆိုပါတံတားမှာ ပင်မတံတား တစ်လမ်းသွား ဘေလီကြိုးတံတားဖြစ်ပြီး ချဉ်းကပ်တံတားမှာ နှစ်လမ်းသွား သံကွန်ကရစ်တံတားဖြစ်သည်။ တံတားအရှည်မှာ ပင်မကြိုးတံတား ပေ ၄၀၀၊ ချဉ်းကပ် တံတား ပေ ၅၄၀ ဖြစ်ပြီး စုစုပေါင်းတံတားအရှည်မှာ ပေ ၉၄၀ ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၃၀ ဖြစ်ပြီး ၉၀ ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရှိရသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တံတားကြီးအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဲဇလီရေလွှဲဆည် ရေဝင်ရောက်မှုနှင့် ရေပိုလွှဲအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေပေးလက်တံ (တောင်စွန်း) မြောင်းပေါင်အတိုင်း စိုက်ပျိုးရေပေးဝေမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး စလင်း-ပွင့်ဖြူ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြကာ ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၏ ခြံစည်းရိုးကြက်ဆူကိုင်းပျိုးပင် ၆၀၀၀၀နှင့် အစေ့ပျိုးပင် ၆၀၀၀၀ ပျိုးခင်းသို့ ရောက်ရှိကြ၍ ပျိုးထောင်မှုကို ဆက်လက်ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဋ္ဌေးက ပွင့်ဖြူမြို့နယ်၏ ဖွဲ့စည်းမှု၊ စီးပွားရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေး၊ ဒေသဝမ်းစာနှင့် စားသုံးဆီဖူလုံမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပွင့်ဖြူမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ အဓိကသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ပြီး စပါး၊ ပဲ၊ နှမ်း၊ ဝါ စသည်တို့အပြင် နှစ်ရှည်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးသွားကြရေး၊ ခြံစည်းရိုးကြက်ဆူကို သတ်မှတ်ဧကထက် ပိုမိုစိုက်ပျိုးရေး၊ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ၊ စက်ရုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ် ကျေးရွာအုပ်စု၏ နွေစပါးပန်းတိုင်ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဝင်းကရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အဆိုပါနွေစပါးပန်းတိုင်ဧက ၅၀၀ စိုက်ကွင်းတွင် ရွှေမြန်မာမျိုး ၂၆၇ ဧကနှင့် ရွှေသွယ်ရင်မျိုး ၂၃၃ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် မကျီးရုံကျေးရွာ မိုင်တိုင်(၂၇/၄)၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်နှစ်ဧကအပင် ၂၄၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူ-စလင်း လမ်းဘေးဝဲ/ယာ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီးဆက်လက်ထွက်ခွာလာကာ စလင်းမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ငါး၊ ပုစွန်များ မျိုးပွားချိန်တွင် ဖမ်းဆီးခြင်းမပြုရန် ကြေညာ

သတင်းကြေညာချက်

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါး လုပ်ငန်းရေပြင်အတွင်း ငါး/သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၇ခုနှစ် ဇွန်လ(၁)ရက်နေ့မှ ၂၀၀၇ခုနှစ် ဩဂုတ်လ (၃၁)ရက်နေ့အထိ အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ညွှန်ကြားချက်အမှတ်(၂/၂၀၀၇)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်-

၂။ ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၀မိနစ်အတွင်း(ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်းတွင်(ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ ဘီ-၂၀) (ငါးဖမ်းကွက်အမှတ် စီ-၃နှင့် စီ-၄တွင် ကမ်းခြေမှ (၁၀)မိုင် ကမ်းနီးဒေသအတွင်း) ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၅၅မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၉မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၁၅မိနစ်အတွင်း (တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ဝက်ဖြူတောင်နှင့် သာများမိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်း ရေပြင်။

၃။ သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင် စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ရက် နံနက် ၉နာရီတွင် ပဲခူးတိုင်း အရန်တပ်ခွဲ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀၀အတွက် ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ထောက်ပံ့ငွေကျပ် ၃၆၁၀၀၀၊ ပဲခူးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ငွေကျပ် ၁၀၃၀၀၀ စုစုပေါင်း ငွေကျပ် ၄၆၄၀၀၀ကို ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် ဇနီး ပဲခူးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်မြမြလွင်တို့က အသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းရဲတပ်ဖွဲ့မှူးရုံး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင် စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း ကျောင်းသားကျောင်းသူ ၁၀၀အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ရဲတပ်ဖွဲ့)



❍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှ

ရွှေလီမြစ်ရေ လျှံတက်မှုကြောင့် ရေလွှဲဥမင်မှ ပိုလျှံသောရေများ စီမံကိန်းဧရိယာအတွင်းစီးဝင်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်က ပြည်သူများလိုအပ်နေသော လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေးအတွက် လုပ်ငန်းများကို သတ်မှတ်ကာလအထိမစောင့်ဘဲ တတ်နိုင်သမျှစော၍ ပြီးစီးစေရန် တွန်းအားပေးဆောင်ရွက်သွားကြရေး မှာကြားသည်။

မဂ္ဂါဝပ် ၆၀၀စက်

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ ရေထိန်းတမံတစ်ခု တည်ဆောက်ပြီး မဂ္ဂါဝပ် ၆၀၀ စက်တပ်ဆင်၍ နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂သန်း ထုတ်ယူနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံးမှာ ၅၃ ဒသမ ၄၇ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က ပင်မကြိုးတံတားလုပ်ငန်းများဖြစ်သည့် ကြိုးထိန်းခုံ၊ ကြိုးထိန်းတိုင်၊ ကြိုးတံတားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ကမ်းကပ်ခုံ တည်ဆောက်ရေးလုပ်ငန်းများ၊ ချဉ်းကပ်လမ်းလုပ်ငန်းများအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိန်းညှိတည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီ မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကုန်သွယ်ရေးကဏ္ဍတွင် အရေးပါသော တံတားတစ်စင်းဖြစ်၍ နောင်တွင်ဖြစ်ပေါ်လာမည့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍအတွက် သွားလာရေးလွယ်ကူစေရန် ယခုကတည်းက မျှော်မှန်းပြီး ယာဉ်ကြီးများဖြတ်သန်းသွားလာနိုင်ရန် ချဉ်းကပ်လမ်းအဝင်/အထွက်လမ်းများမှအစ တံတား၏ခံနိုင်ဝန်ကိုပါ တွက်ဆထိန်းညှိ တည်ဆောက်သွားကြရေး မှာကြားသည်။

အဆိုပါ ရွှေလီတံတား(နမ့်ခမ်း)မှာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၅ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မူဆယ်-ကျူကုတ်(ပန်ဆိုင်း)-မုံးကိုးလမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ကျူကုတ်(ပန်ဆိုင်း)မြို့ နမ့်ဟူးကျေးရွာနှင့် ဖိုင်ကောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံတိုင်းရင်းသား တောင်သူများ၏ တစ်ဧကတင်း၂၅၀ စံပြကွက်များအတွင်း အထူးအထွက်တိုး ဆင်းရွှေလီစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ကျူကုတ်(ပန်ဆိုင်း)မြို့၌ ဆင်းရွှေလီ အထူးအထွက်တိုးစပါး မျိုးနွေစပါးရာသီတွင် ၆၈၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး စိုက်ပျိုးရေးရာသီတွင် ၁၈၁၆ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးကိုးမြို့ ဟောမိုးလုံကျေးရွာ၌ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ၇၂ ဒသမ ၅ဧကရှိသည့် လက်ဖက်စိုက်ခင်းများကိုကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးကိုးမြို့ ဟောမိုးလုံကျေးရွာအနီးရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နယ်ခြားမျဉ်းကျောက်တိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟောမိုးလုံကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ဘိန်းအစားထိုးသီးနှံစိုက်ခင်းများ၊ လေ့ကျင့်ထိန်း လယ်ယာမြေများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မုံးကိုးမြို့သို့ရောက်ရှိကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးကိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မုံးကိုးမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မုံးကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဌာနဆိုင်ရာများက မုံးကိုးမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ မြို့နယ်ဌာနဆိုင်ရာများကဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မုံးကိုးဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မြို့အဆင့်တိုးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မုံးကိုးမြို့သည် ယခင်က ငြိမ်းချမ်းမှုမရှိခဲ့ရာမှ ယခုအခါ အေးချမ်းသာယာလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က အိမ်ခြေအနည်းငယ်သာရှိသော ကျေးရွာလေးမှ ယခုအခါ မြို့အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး မြို့ပြအင်္ဂါရပ်နှင့် အညီဖြစ်စေရန်နှင့် မြို့နယ်၏ အုပ်ချုပ်ရေးယန္တရား ပြည့်ပြည့်ဝဝ လည်ပတ်နိုင်ရန် ဌာနဆိုင်ရာများဖွဲ့စည်းပြီး ဝန်ထမ်းများ စေလွှတ်တာဝန်ပေးအပ်ခဲ့ပြီဖြစ်ကြောင်း၊ မုံးကိုးမြို့တွင် တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဒေသဖြစ်ရာ စိုက်ပျိုးရေး၊ မြို့ပြစည်ပင်သာယာရေးတို့တွင် စံနမူနာယူသင့်သည်များကို အတုယူကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းအောင် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း ပညာပေးစည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်ကိုယ်စား နယ်စပ်ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများဖြစ်ရာ တာဝန်ကျေပွန်ရုံသာမက နိုင်ငံတော်အပေါ် စေတနာထားပြီး နိုင်ငံတော်မှ အားထားရသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မုံးကိုးမြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း၁၀၀ကို ကျောင်းအုပ်ကြီး ဦးဗိုလ်ဌေးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးစွမ်းခေါင်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ အဝတ်အထည်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား အသီးသီးပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးကိုးမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မုံးကိုးမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားရှိ နယ်စပ်ဂိတ်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံးကိုးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ကျူကုတ်(ပန်ဆိုင်း)သို့ ရောက်ရှိကြပြီး ကျူကုတ်(ပန်ဆိုင်း)မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့နှင့် မြန်မာနိုင်ငံ ကျူကုတ်(ပန်ဆိုင်း)မြို့တို့ ဆက်သွယ်ထားသော တရုတ်-မြန်မာချစ်ကြည်ရေး ကျူကုတ်-ဝမ်တိန် တံတားသို့ရောက်ရှိကြရာ ကျူကုတ်(ပန်ဆိုင်း)မြို့ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးတင်ဦးက ချစ်ကြည်ရေးတံတားသစ်နှင့် တံတားဟောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်ပြီးစီးခဲ့

အဆိုပါ တရုတ်-မြန်မာချစ်ကြည်ရေး ကျူကုတ်-ဝမ်တိန်တံတားဟောင်းကို ၁၉၃၈ ခုနှစ် ဩဂုတ်လတွင် တည်ဆောက်ခဲ့ပြီး ယခုတံတားသစ်ကြီးကို ၂၀-၂-၁၉၉၃တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျူကုတ်(ပန်ဆိုင်း)နယ်စပ်စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျူကုတ်မိုတယ်သို့ ရောက်ရှိကြပြီး ကျူကုတ်(ပန်ဆိုင်း)၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံရာ ရှေးဦးစွာ ကျူကုတ်(ပန်ဆိုင်း) အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးတင်ဦးက ကျူကုတ်(ပန်ဆိုင်း)ဒေသ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်စိုက်ပျိုးရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ကျူကုတ်(ပန်ဆိုင်း)သည် နယ်စပ်ဒေသဖြစ်၍ ရှိရင်းစွဲနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထားရှိရေး၊ ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဒေသနေတိုင်းရင်းသားများအပေါ် စေတနာထားဆောင်ရွက်ကြရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျူကုတ်(ပန်ဆိုင်း)မြို့မှ လူမှုရေးအသင်းအဖွဲ့များအား အဝတ်အထည်များပေးအပ်ပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျူကုတ်(ပန်ဆိုင်း)မြို့ မြို့ဝင် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိကြပြီး ကြက်ဆူပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စဉ်ဆက်မပြတ်ဖြန့်ဝေ

ကျူကုတ်(ပန်ဆိုင်း)၌ ဒေသစက်သုံးဆီဖူလုံရေးအတွက် ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် ခြံစည်းရိုးကြက်ဆူဧက ၂၀၀၀စိုက်ပျိုးပြီးစီးခဲ့ပြီး ပျိုးဥယျာဉ်မှ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စဉ်ဆက်မပြတ် ဖြန့်ဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မေ ၂၃

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက်၌ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၏မိသားစုများထံမှ အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများကိုကန်တော့ပြီး အသင်းဝင်များ၏ သား၊ သမီးများထံမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။ ကန်တော့ခံပုဂ္ဂိုလ်များနှင့် ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများသည် ဦးလွင်မြင့် ဖုန်း-၆၄၀၂၆၆၊ ဦးသောင်းဆွေ ဖုန်း-၅၅၆၄၆၁၊ ဦးခင်ဆွေ ဖုန်း-၇၀၇၅၈၉ တို့ထံ ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် ရန်ကုန်မြို့ရောက် ပန်းတောင်းမြို့နယ်သူ မြို့နယ်သား အသင်းဝင်များနှင့် အသင်းမဝင်ကြရသေးသူများပါ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ယနေ့မိုးလေဝသ

၂၄-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်များ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



သီလရှင်ဆရာလေး ဒေါက်တာဒေါ်မောဠိနီက ဗုဒ္ဓသာသနာနှင့် မြန်မာ အမျိုးသမီးများ ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (အမျိုးသမီးရေးရာ)

ဟောပြောပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့က ကြီးမှူးကျင်းပသော "ဗုဒ္ဓသာသနာနှင့် မြန်မာအမျိုးသမီးများ"ဟောပြောပွဲကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း အမှတ်(၃) ရပ်ကွက်ရှိ အောင်သဇင်ဓမ္မာရုံ၌ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က အဖွင့်အမှာစကားရှင်းလင်းလျှောက်ထားပြီး သီလရှင်ဆရာလေး ဒေါက်တာ ဒေါ်မောဠိနီက ဟောပြောသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် ဓမ္မမောဠိသီလရှင်စာသင်တိုက်သို့ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဦးခင်မောင်လတ်-ဒေါ်မို့မို့အေး၊ သား-မောင်အုပ်စွမ်းပြည့်၊ တုန်းတာကုမ္ပဏီမိသားစု မရမ်းကုန်းမြို့နယ်၊ ဦးသိန်းလွင်-ဒေါ်ခင်မြမျိုးနွယ်၊ Iceland convenient Martမရမ်းကုန်းမြို့နယ်၊ ဒေါ်ခေမာညွန့်၊ Clara အရေပြားပြုပြင်ရေးဌာန ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်း မြို့နယ်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှကြည်-ဒေါ်ရီရီမြင့် Yangon Yoma Hotelမရမ်းကုန်းမြို့နယ်နှင့် Junction 8, Shopping Centre တို့က ငွေကျပ်ငါးသောင်းစီ၊ အလှူရှင်များက စုပေါင်းအလှူငွေ ကျပ်ခြောက်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ-ဒေါ်သိန်းဆိုင် (ဆရာမကြီးမမြတ်လေး) သားသမီးမြေးတစ်စုက ငွေကျပ်သုံးသောင်း၊ စုစုပေါင်း အလှူငွေကျပ် ၁၁ သိန်း ၃ သောင်းကို အလှူရှင်များက ဆရာလေး ဒေါက်တာဒေါ်မောဠိနီအား လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ အရေးပြိုင်ပွဲ
၈:၂၅ ၉။ မင်းလှရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၄။ **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဋ်း) (ဒါရိုက်တာ-သက်တင်)**
၄:၅၀ ၅။ တေးဂီတအစီအစဉ်
၅:၀၀ ၆။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၂၀ ၇။ ချီးကျူးပူဇော်ဖူးမြော်မဝသည့်သာသနာ့အာဇာနည် (တိပိဋကဓရ ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ)
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီရိဂေဟာ
၆:၅၅ ၁၁။ Discovery
၇:၀၀ ၁၂။ မလွှန်လွှန်းဘူးလား(အပိုင်း-၂)
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သမ်းသော အသည်းနှလုံး" (အပိုင်း-၄)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး"(အပိုင်း-၅)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

(24-5)09.P65 1 32/29/1, 7:06 AM

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ညောင်လေးပင်မြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မေ ၁၈ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်က လူမှုရေးဆောင်ရွက်ချက်များနှင့် သင်တန်းဖွင့်လှစ်မှုများကို လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်နွဲ့ရီနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာမေအေးတို့က သင်တန်းဖွင့်လှစ်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ညောင်လေးပင်မြို့တွင် ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ကြရန်အတွက် ယုံကြည်ချက်တူသူများနှင့် ဖွဲ့စည်းထားသော လူမှုရေးအသင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မူအဖြစ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရမည့် မှန်ကန်မွန်မြတ်သည့် အချက်များ ဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိတို့နယ်မြေပြည်သူများ အကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် အမြဲတမ်း ကြုံတွေ့နေကြရသော သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နယ်မြေ ဖွံ့ဖြိုးရေးအတွက် ကိုယ်တိုင်ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်ကြရေး မှာကြားသည်။

ထို့နောက် ရပ်မိရပ်ဖများနှင့် အသင်းဝင်များက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို တင်ပြကြရာ အထွေထွေအတွင်းရေးမှူးက လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးကူညီပေးသည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မြို့နယ်အဆင့် အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးပြီး ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းကျောင်း ၁၄၆ ကျောင်းမှ သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမ ၂၂၁ ဦးနှင့် နည်းပြများအား တွေ့ဆုံ၍ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် အခြေခံပညာများကို မွန်မြတ်သည့်စေတနာဖြင့် သင်ကြားပေးသူများဖြစ်၍ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သိရုံ တတ်ရုံသာမက လိမ္မာရေးခြားရှိရန်အတွက်လည်း ပဲ့ပြင်ဆုံးမရန်လိုကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော ပညာရည် မြင့်မားရေးအတွက် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကာ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၂၅	၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀	၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၂၀)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကုန်သွယ်သုတ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၃၀)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

နှစ်ဖက်မိဘများဖြစ်ကြသော ချန်ကြို့ကြိန်နှင့် လင်ယွင်ယင်း၊ ကောင်ကြို့ဟွာနှင့် ချန်အိုက်ကြန်တို့အား ရည်စူး၍ မကာအိုမြို့နေ ချန်စိုင်ဟာနှင့် ကောင်ဟုန်ကြူး မိသားစု၊ ချန်ယွင်ဆောင်နှင့် ချန်စိုက်ရင်း မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် တစ်သိန်းကို တိပိဋက ဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသဘထံ ရေစက်ချ အနု မောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးရွှေလေး ပျဉ်းမနားဒေသ ဆောက်လုပ်ရေးအထူးစီမံကိန်းထံမှ ပေးပို့လှူဒါန်း ငွေကျပ် ၁၀၀၀၀၀ ကို ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံရယူစဉ်။ (က-ပ)

ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး လေ့ကျင့်သင်တန်းဖွင့်

နေပြည်တော် မေ ၂၃

ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် ခရိုင်အဆင့် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး (Rapid Response Team) လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သော သင်တန်းမှာ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအတွက် ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်အဆင့် ဆောလျင်စွာ တုံ့ပြန် ဆောင်ရွက်ရေး အဖွဲ့ဝင်များအတွက် သင်တန်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ်အဆင့်အဖွဲ့ဝင်များ အတွက်လည်း ရန်ကုန်နှင့်မန္တလေးတို့တွင် သင်တန်းများ ပြုလုပ်ပေးပြီးဖြစ်ကြောင်း၊ ကပ်ရောဂါအသစ်များဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ယခင်ဆား(စ)ရောဂါဖြစ်ပွားစဉ်က နိုင်ငံအသီးသီးရှိ ကျန်းမာရေးဌာနများ အဆင်သင့်မဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ဆား(စ)ရောဂါ ဝင်ရောက်မှု မရှိအောင်ဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံကို နမူနာယူ၍ ယခုကြက်ငှက်တုပ်ကွေးရောဂါမှတစ်ဆင့် လူတုပ်ကွေးကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမလာအောင် အထူးသတိပြု၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူတုပ်ကွေးကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပါက အနည်းဆုံးခန့်မှန်းချက်မှာ လူနှစ်သန်းမှ ခုနစ်သန်းအထိ အသက်ဆုံးရှုံးနိုင်ပြီး အများဆုံးမည်မျှ အသက်ဆုံးရှုံးမည်ကို မခန့်မှန်းနိုင်ဘဲ ကပ်ရောဂါဘေးလွတ်ကင်းသော နိုင်ငံရှိမည် မဟုတ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းမှုနှင့် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်မှုတို့သည် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေးတို့အတွက် အဓိကကျကြောင်း၊ အကောင်းဆုံး ကြိုတင်ပြင်ဆင်ကာကွယ်ရန် စီမံဆောင်ရွက်ထားနိုင်သော နိုင်ငံများတွင် ထိခိုက်မှု အနည်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်းက စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ကြက်ငှက်များအတွင်း ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သော်လည်း အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည့် အတွေ့အကြုံရှိခဲ့ကြောင်း၊ ကြက်ငှက် တုပ်ကွေးရောဂါသည် ယခုအခါ မြန်မာနိုင်ငံတွင် တိရစ္ဆာန်များတွင်သာ ဖြစ်ပွားလျက်ရှိသော်လည်း လူသို့ ဆက်လက် ကူးစက်မလာအောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ပူးပေါင်း ဆောင်ရွက်ကြရာတွင် ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မီဖလှယ်၍ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ကြက်၊ ငှက်များကို အခြားတိရစ္ဆာန်များနှင့်အတူ လူနေအဆောက်အအုံများတွင် မွေးမြူမှုများရှိနေသဖြင့် ကြက်၊ ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇပြောင်းလဲမှု ဖြစ်ပေါ်ပြီး လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားနိုင်ကြောင်း၊ ထို့ကြောင့် ဇီဝလုံခြုံမှုစနစ်ကို အထူးဂရုပြု ဆောင်ရွက်ပြီး မွေးမြူရေးဇုန်များ သီးခြားသတ်မှတ် ဆောင်ရွက်သင့်ကြောင်း၊ ဈေးများအတွင်း ကြက်၊ငှက်တို့၏ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်မှုများမရှိသေးသည်များလည်း ရှိနေသေးသည်ကို တွေ့မြင်ရသဖြင့် ပြည်သူလူထု အသိပေးမှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအတွက် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များအနေဖြင့် ကြက်ငှက် တုပ်ကွေးရောဂါ ကူးစက်မှုကို ဆောလျင်စွာ သိရှိအောင် ထောက်လှမ်း ကြည့်ရှုကြရန် ရောဂါဖြစ်ပွားမှုရှိလျှင် စောစီးစွာ လူထုအတွင်း ကြိုတင်အသိပညာပေးခြင်းများ ဆောင်ရွက်ရန်နှင့် တုံ့ပြန် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ အတိုင်းလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ကျန်းမာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ ဖြစ်ကြသော သက်ဆိုင်ရာ ခရိုင်များမှ ခရိုင်ဆရာဝန်များ၊ ရောဂါဗေဒနှင့် ပိုးမွှားဗေဒ ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကြက်ငှက် တုပ်ကွေးဆိုင်ရာ ကျွမ်းကျင်သူနှင့် ရောဂါဗေဒ ဆရာဝန်၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ မင်္ဂလာသိဒ္ဓိ သီလရှင်စာသင်ကျောင်းသို့ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာသော်၊ ဒေါက်တာဒေါ်ခင်မြဝင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အတွင်းရေးမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့သည် မေ ၂၁ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄)ရပ်ကွက်ရှိ မင်္ဂလာသိဒ္ဓိ သီလရှင်စာသင်ကျောင်းသို့ ရောက်ရှိပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် မူလတန်းပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၂၂၁ ဦးအတွက် အလှူငွေကျပ် တစ်သိန်း၊ ဗလာစာအုပ် ၂၅ ဒါဇင်၊ ခဲတံ၊ ဘောပင် စသည့်စာရေးကိရိယာများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ပေးအပ်လှူဒါန်းရာ မင်္ဂလာသိဒ္ဓိ သီလရှင် စာသင်ကျောင်း ဆရာကြီး ဒေါ်ဝရဉာဏီက လက်ခံရယူသည်။ **(ယာပုံ)**

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်မှ အသင်းဝင်များ တက်ရောက်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဓမ္မမောဠိဝိဟာရ သီလရှင်ကျောင်း တရားပွဲ

ရန်ကုန် မေ ၂၃

မင်္ဂလာမေ အမျိုးသမီးအသင်းမှ ဦးဆောင်၍ သီလရှင်ဆရာကြီး ဒေါက်တာဒေါ်မောဠိနီက သမထ ဝိပဿနာ တရားတော်များကို မေ ၂၆ရက်(စနေနေ့) ညနေ ၆ နာရီတွင် ဟောပြောပို့ချမည်ဖြစ်ပါသဖြင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်တွင် တည်ရှိသော ဓမ္မမောဠိဝိဟာရ သီလရှင်ကျောင်းတိုက်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားသည်။ (က-ပ)

အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Vitamin B Complex Sugar Coated Tablet	Rota Labs Co., Ltd.	ဖော်ပြထားခြင်း မရှိပါ။
၂။	Vitamin C Injection (Ascorbic Acid USP 100mg/Amp)	T.P.Drug Laboratories (1969) Co.,Ltd., Bangkok	Thailand
၃။	Sambee Tablet [Vitamin B1 (Thiamine mononitrate) 100mg, Vitamin B6 (Pyridoixine Hydrochloride 5mg, Vitamin B12 (Cyanocobalamine) 65mcg]	The Medicpharma-Co., Ltd., Bangkok	Thailand
၄။	Antacil Tablet	ထိုင်းစာသားများဖြင့် ဖော်ပြထားပါသည်။	ဖော်ပြထားခြင်း မရှိပါ။
၅။	Rotuss Tablet (Dextromethorphan HBr 15mg)	ဖော်ပြထားခြင်းမရှိပါ။	ဖော်ပြထားခြင်း မရှိပါ။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

GENERAL လေအေးပေးစက် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

ဂျပန်နိုင်ငံ Fujitsu General Ltd. နှင့် Golden Orchid Ltd. တို့ ပူးပေါင်းကျင်းပသည့် GENERAL အမှတ်တံဆိပ် လေအေးပေးစက်ပုံစံသစ်များ စတင်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ခန်းမ၌ ကျင်းပရာ ဖိတ်ကြားထားသူများနှင့် စာပေစာနယ်ဇင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Fujitsu General Ltd. စင်ကာပူမှ ဒါရိုက်တာ Mr. David Lau က နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် Golden Orchid Ltd. မှ ဒါရိုက်တာဦးစိုးဝင်းနှင့် Fujitsu General Ltd. မှ Service Manager Mr. Kho Yong Seng တို့က GENERAL လေအေးပေးစက်များထဲမှ အဆင့်မြင့်အိမ်ရာ၊ ဟိုတယ်၊ ကွန်ဒိုမီနီယံ၊ ရှော့ပင်းစင်တာ၊ ရုံးခန်း၊ စက်ရုံအလုပ်ရုံနှင့် ဆေးရုံသုံး အမျိုးအစားများဖြစ်သည့် Variavle Refrigerant Flow System(VRF) အကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

Golden Orchid Ltd. သည် General လေအေးပေးစက် ဝယ်ယူသူတိုင်းအား ကုမ္ပဏီမှ အင်ဂျင်နီယာများဖြင့် စနစ်တကျ တွက်ချက်တပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် အမြို့မြို့အနယ်နယ်ရှိ လေအေးပေးစက် အရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်ပြီး တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Golden Orchid Ltd. မှ မြန်မာတစ်ပြည်လုံးသို့ ပစ္စည်းဖိုး၊ လက်ခတစ်နှစ်နှင့် လက်ခဖိုး အခမဲ့နှစ်နှစ် စုစုပေါင်းသုံးနှစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဝယ်ယူလိုသူများအနေဖြင့် General အရောင်းပြခန်း အမှတ်(၈၃) (၉၁) မြေညီထပ် ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၇၀၆၂၂၃၊ ၃၇၁၉၀၆ နှင့် အီးမေးလ် gol@mptmail.net.mm တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Golden Orchid Ltd. မှ ဒါရိုက်တာ ဦးစိုးဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

၈	ဦးအုန်းသွင်	၁၂/ထတပ(နိုင်) ၀၇၄၄၃၃	၁၁၉၈၊ အထက်မင်္ဂလာလမ်း၊ ဖော့ကန်၊ အင်းစိန်	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၉	ဒေါ်သန်းမြင့်	၁၂/အစန(နိုင်) ၀၂၀၇၈၉	၄၆၁၊ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ် အင်းစိန်	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၁၀	ဦးခင်ဦး + ၁	၁၂/အစန(နိုင်) ၁၁၃၂၈၀	၇၈၅/ခ၊ သစ္စာဝါဒီလမ်း၊ အောင်ဆန်း၊ အင်းစိန်	ခြံစည်းရိုးကာရန်
၁၁	ဒေါ်မေရီအဲန်း	KMDE - ၀၁၇၄၂၀	၁၂/က၊ ကွင်းမွေး (၁) လမ်း၊ တောင်သူကုန်း၊ အင်းစိန်	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၁၂	ဦးတင်ဝင်း	၁၂/အစန(နိုင်) ၀၇၀၉၀၀	၉/၇၈၊ အောက်မင်္ဂလာဒုံလမ်း၊ ဒညင်းကုန်း၊ အင်းစိန်	(၂)ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဒေါ်ခိုင်ခိုင်သိန်း	၁၂/အစန(နိုင်) ၀၆၇၀၆၃	၈၈၂/ခ၊ အောက်မင်္ဂလာဒုံ (၁+၂) လမ်း၊ အောင်ဆန်း၊ အင်းစိန်	(၁)ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
(ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (Euro Singapore Dollar, Japanese Yen)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန်
၁။	T-10/3ME/07-08	500 KVA Generating Set	1Unit	(၂၅-၆-၂၀၀၇) နေ့လယ်(၁၂:၀၀)နာရီ
၂။	T-11/3ME/07-08	Wheel Type Loader	1 Unit	

၂။ တင်ဒါပေးသွင်းရမည့်နေရာ - ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ်(၁၉)နေပြည်တော်

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနခွဲတွင် (၂၅-၅-၂၀၀၇)ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၉၃၉၇သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်-

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
(ချိပ်ပိတ်တင်ဒါများ ခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ချိပ်ပိတ်တင်ဒါ ပိတ်ရက်နှင့်အချိန်
၁။	004/3ME/07-08	(1) Plain Paper Copier	(1)No	(၂၉-၆-၂၀၀၇)နေ့ ၁၂:၀၀နာရီ
		(2) Computer	(4)Nos	
		(3) Laser Printer	(4) Nos	
		(4) Fax Machine	(3)Nos	

၂။ တင်ဒါပေးသွင်းရမည့်နေရာ - ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ရုံးအမှတ်(၁၉) နေပြည်တော်

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနခွဲတွင် (၂၈-၅-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်းရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိလိုပါက ဖုံး-၀၆၇-၄၀၉၃၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန၊နေပြည်တော်

SHINE AC/DC
လျှပ်စစ်သင်တန်း
(စာတွေ့လက်တွေ့)နေ့/ည

ရောင်းမည်

ပေ ၅၀ x ပေ ၁၀၀ ဂရန်ပေါက် သစ္စာလမ်းမပေါ် မြို့လယ် မြို့မဈေးအနီး နေရာကောင်း အရှုပ်အရှင်းမရှိ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့။

ဖုန်း-၀၉ ၈၀၂၄၁၆၃

ဖခင်အမည်မှန်နှင့် အမည်ပြောင်းခြင်း

အထက(၃)တာမွေ၊ တက္ကသိုလ်ဝင်တန်းမှ မနေခြည်သောင်းအား မမြတ်သီဂီမွန်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မမြတ်သီဂီမွန်၏ ဖခင် အမည်မှန်မှာ ဦးကျော်မြင့် [TKI၀၆၅၈၂၇] ဖြစ်ပါကြောင်း။

MCC ICT Professional Training Program

Professional Career
(ပညာရှင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်း)

Pre SE | ICT Expert User | Web Application | Network Professional | DataBase Management

ကျောင်းဆင်းလက်မှတ် အထူးနှင့်သီး ဖြင့် ဆရာနိုင်မည်

MCC ICT Foundation Course

MCC သိမ်ကြီးဈေး(စီ)ရုံ၊တတိယထပ်၊အဆောင်(၃-၄)၊ ☎ ၂၄၅၇၆၂/၂၄၅၇၅၈

ထွက် လှိုင်မင်းအုံ့ ပြီ
ရွက် ကြမ်း ရေ တို

လုံးချင်း ဝတ္ထုသစ်

စာမူခွင့်ပြုချက် ၅၀၀၃၇၇၁၀၄၀၇

မြန်မာမြေ - မျက်ပွင့်စာပေ (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (ဗိုလ်ဆွန်ပက်လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း ၇၀၀၅၇၉

တရုတ်စာအထူးသင်တန်း

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော တစ်လခွဲပြတ်နှင့် ပုံမှန်(ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်။

ကလေးလူကြီးမရွေး ဖတ်လို့ရတဲ့ ဖတ်စာအုပ်နှင့် ပုံပြင်စာအုပ်များ၊ အဘိဓာန် အမျိုးမျိုးကိုလည်း ရနိုင်ပါသည်။ **သင်တန်းဖွင့်မည့်ရက်(၁-၆-၂၀၀၇) အမှတ်(၁၂၇)၊ မြေညီထပ်၊ ရွှေတောင်တန်းလမ်းတို၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၅၃၄၆၊ ၀၉ ၅၁၅၈၇၉၃**

ယခုကာစ လွန်ခဲ့တဲ့ နှစ်(၂၀)အတွင်း UDE တက်ခဲ့တဲ့ အစ်ကို၊ အစ်မတွေထံ သတင်းမေးမြန်းစုံစမ်းပြီးမှ ဒီကျောင်း ကိုလာခဲ့ပါ . .

တာထိကနည်းဖြ **ဆရာ ဦးမြင့်သိန်း** ရှုပ၀ေဒဦးစီးသော

UDE တန်းခွဲများအားလုံးစပြီ။

၁၈၄/၁၈၆၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။ ☎ : 705201, 09-516-5234
တိုက်(၂)၊အခန်း(၁၅)၊လှည်းတန်းလမ်းမကြီး၊(ပြည်မြန်မာကုန်တိုက်ဘေး)၊ကမာရွတ်၊

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၈၊ မြေကွက်အမှတ် ၅၀၇/က၊ မြေကွက်တည်နေရာ ၅၀၇/က၊နဝရတ်(၃)လမ်း၊၈ရပ်ကွက်၊ သာကေတ (ဦးသောင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းနှင့်ဇနီးဒေါ်ညွန့် ကွယ်လွန်သဖြင့် သား၊သမီးများဖြစ်ကြသော (၁)ဒေါ်စန်းစန်းရီ၊ (၂)ဒေါ်တင်စီ၊ (၃)ဦးအေးသိန်း၊ (၄)ဒေါ်မြမြသိန်းတို့က သား၊ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၅၃၂^ဂ^/င ၊ မြေကွက်အမှတ် ၃(ခ)၊ မြေကွက်တည်နေရာ အမှတ် (၁၀) စစ်တောင်းလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက် မင်္ဂလာဒုံ(ကိုစံအေး) အမည်ပေါက်က -မြေလ/န(၃၉) မြေအား အမည်ပေါက် ကိုစံအေး ကွယ်လွန်သဖြင့် ဦးစောလှိုင် [၁၂/မဂဒ(နိုင်)၀၇၃၃၅၉]က သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်၁၄/၂၊ မြေကွက် အမှတ် ၅၊ မြေကွက်တည်နေရာ အမှတ် ၅၊ မြိုင်ကန်သာလမ်း၊ ၁၄/၂ ရပ်ကွက်၊ တ/ဥက္ကလာပ (ဒေါ်ရှမ်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ရှမ်းနှင့်ဖခင် ဦးကြည်လင်တို့ ကွယ်လွန်သဖြင့် ဦးစိုးလွင်[၁၂/မဘန(နိုင်)၀၁၄၅၉၅]က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၅၃၅/B၊ မြေကွက်အမှတ် ၁၇၀/ခ၊ မြေကွက်တည်နေရာ အမှတ် ၂၁ စစ်တောင်းလမ်း သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံ (ဦးမောင်စိန်) အမည်ပေါက်က မြေလ/န(၃၉) မြေအား အမည်ပေါက် ဦးမောင်စိန် ကွယ်လွန်သဖြင့်ဒေါ်ခင်စန်းဝင်း (MG DN-၀၀၄၅၀၄)က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၃၂၊ မြေကွက်အမှတ် ၅/၃(၁)၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ (ဒေါ်တင်တင်လှ-ဦးခင်မောင်သန်း) အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃(ခ) မြေအား အမည်ပေါက် ဦးခင်မောင်သန်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်တင်တင်လှနှင့် သမီးများဖြစ်ကြသော ဒေါ်ဖြူဖြူမေသန်း၊ ဒေါ်ဝင်းဝင်းမေသန်း၊ ဦးထင်အောင်သန်းတို့က ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Treasure Publishing House

ရတနာသိုက် စာပေတိုက်

perfect
အောင်မြင်ခြင်း မဂ္ဂဇင်း

- စံ-ဇာဏီဘို ရဲ့ ဘဝဖြတ်သန်းမှု
- မိုးရွာထဲက ကောင်မလေး
- လှသော အိပ်မက်များအကြောင်း
- တစ်ခန်းရပ် ချစ်ပုံပြင် အကြောင်းတို့ဖြင့် . . .

ဇွန်လထုတ် ဖြန့်ချိလိုက်ပါပြီ

ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၁-၂၉၉၆၂၈။ မန္တလေးဖြန့်ချိရေး - နဂါးစာပေ

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအတွက် သတင်းကောင်း

- သဘာဝရေချိုပုစွန်တုပ်ကြီးများမှ နည်းစနစ်မှန်ကန်စွာ ဖောက်ယူထားသော ကျန်းမာသန်စွမ်းသည့် ရေချိုပုစွန်သားပေါက်များ။
- မျိုးကောင်းမျိုးသန့်ငါးများကို ရွေးချယ်စုဆောင်း၍ နည်းစနစ်ကျနစွာ ဖောက်ယူပြုစုထားသော ငါးမြစ်ချင်း၊ ငါးတန်သားပေါက်များ။
- ပုစွန်မွေးမြူသူများ အကျိုးအမြတ် ပိုမိုရရှိစေရန် ရည်ရွယ်၍ သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်း၊ လိုအပ်သော အာဟာရဓာတ်နှင့် အရည်အသွေးပြည့်ဝသော ဖြည့်စွက်အားဆေးများ အသုံးပြု၍ နိုင်ငံတကာအဆင့်မီ စက်သစ်ကြီးဖြင့် စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ထားသော ရေချို၊ ရေငံပုစွန်အစာများ လိုအပ်သလောက် ရရှိနိုင်ပါသည်။
- အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်

ကုဋေဋ္ဌေး ပုစွန်သားဖောက်စခန်း . . . . ဖုန်း-၀၉-၅၀၁၆၉၈၁၊ ၀၁-၇၀၁၃၉၇

ရွှေငါး ငွေငါး ငါးသားဖောက်စခန်း . . . . ဖုန်း-၀၁-၂၄၄၉၈၄၊ ၀၁-၂၄၄၉၅၆

ရွှေတောင် ငွေတောင်ပုစွန်အစာစက်ရုံ . . . . ဖုန်း-၀၉၅၀၂၂၇၆၃၊ ၀၁-၇၁၀၇၀၃

လိုအပ်သော အမျိုးအစားများ Order လက်ခံသည်

ပိန်းမိုးရေကာဖျင်

အထူ 20 kg မှ 45 kg ထိ
အရောင် လီမွှော်-ပြာ ၊ ခဲ-ပြာ ၊ စစ်စိမ်း-ခဲ
6 ပေ x 100 ကိုက် အလိပ်
အသင့်မီးကပ်ပြီး 12 x 12 ပေ ၊ 12 x 15 ပေ
12 x 18 ပေ ၊ 15 x 15 ပေ ၊ 18 x 18 ပေ
18 x 24 ပေ ၊ 21 x 21 ပေ ၊ 24 x 24 ပေ
ခေတ်မီစက်များဖြင့် မီးကပ်၊ ဂွင်းဖောက်ပေးသည်။

DECO-LAND CO.,LTD.
1.NO.145, U MYE STREET,
HLAING THAR YAR INDUSTRIAL ZONE (4).
2.BUILDING A, ROOM 11/12, THANTHUMAR ROAD, NEAR YAENANTHAR MARKET, THUWUNA T/S , YANGON.

Phone:
01685218,5012565,5202390
01685279,01685064,01244007
E-mail:
decoland@myanmar.com.mm

ဆယ်တန်းဖြေဆိုပြီးသူများအတွက်ကွန်ပျူတာသင်တန်းများ
ဆယ်တန်းအောင်/ဘွဲ့ရ/အလုပ်လုပ်လိုသူများ/လုပ်နေသူများ
အတွက် တစ်ဦးချင်း/အတန်းလိုက်ကွန်ပျူတာသင်တန်းများ

S.K.S STANDARD
Computer Centre

အမှတ်၁၂၂၈၊သစ္စာလမ်းမ(၆)ရပ်ကွက်၊တောင်ဥက္ကလာပ(စာတိုက်အနီး)ရန်ကုန်မြို့။ ☎ 571835.095028495

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မြို့တော်ဆေးခန်းတွင် တပ်ဆင်ရန် လိုအပ်သော ဆေးရုံသုံး(၁၅)ယောက်စီး ဓာတ်လှေကား(၁)စင်းကို CIF/Yangon US$ (သို့မဟုတ်) ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန်ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Hospital Elevator(1000kg/15Persons)	(1)Unit

ဈေးနှုန်းလွှာပိတ်ရက်မှာ ၈–၆–၂၀၀၇နေ့ (၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/–(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

မျိုးမြင့် R.I.R ကြက်ပေါက်များရမည်။
၄လခွဲဥစမ်းပြီးကြက်ဥနှုန်း၆လ၇၀%အထက်ရှိရမည်၊အထီး၅%ထက်မပိုရန်အာမခံသည်။မားရပ်စ်ဆေးထိုးပြီး
ခနုစြည် ကြက်သားပေါက်နှင့်မွေးမြူရေးဆေးဖြန့်ချိရေး
နံ့သာကုန်းဈေး၊စော်ဘွားကြီးကုန်းလမ်းဆုံး၊အင်းစိန်။
ဖုန်း။၀၉–၅၁၀ ၇၇၄၅

အမည်ပြောင်း
အဖ ဦးအောင်သန်းစိန်၏ သမီးဖြစ်သူ အထက(၂)ဒဂုံ တက္ကသိုလ်ဝင်တန်းမှ မလှနုဖြူအား မရွှေရည်မြင့်မြတ်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေရည်မြင့်မြတ်ထက်**

အမည်မှန်
အထက(၂) တောင်ဥက္ကလာပ ဒသမတန်း(F)မှ (ဘ) ဦးမောင်ဝင်း၏ သမီး မနှင်းရိုင်း၏ အမည်စာလုံးပေါင်းအမှန်မှာ မနှင်းရည်ဝင်းဖြစ်ပါသည်။ **မနှင်းရည်ဝင်း**

M.AEng:များ ဦးစီးသင်ကြားသော
အောင်နိမိတ်အင်္ဂလိပ်စာ (ရာပြည့်)
Text, GRAMMAR & Essay , Letter အခြေခံမှစ၍
– စနစ်တကျ ထူးချွန်စေမည်။
– အိမ်လိုက်သင်သည်။
ဖုန်း–၀၉၅၁၁၀၉၁၉၊ ၀၉၅၁၀၁၄၇၁

ခေတ်မီနာမည်ပေး
ဆရာပြည်ကျော်
(မြန်မာ့ရိုးရာဗေဒင်ပညာရှင်)
နှင့် စာရေးဆက်သွယ်ပါ။
ရွှေကျီးသာအနီး။ တောက်ကြန့်စာတိုက်။ ရန်ကုန်မြို့

SAYA SAW DOUGLAS

လုပ်ငန်းခွင်သုံး **ထိုင်း** ဘာသာ **ထိုင်း** စကား
အရေး၊ အဖတ်၊ အပြောနှင့် ဘာသာပြန် ကျွမ်းကျင်မှုသင်တန်း
အမှတ် (၁၈၂/၂၀၂)၊အထက် (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း –၀၉–၅၀၂၃၃၃၄ ၊ ၃၈၆၆၅၂

မွေးသက္ကရာဇ်အမှန်
(ဘ)ဦးမြင့်နိုင်၏ သား အထက(၁) ပုဇွန်တောင် နဝမတန်း(B)မှ မောင်နိုင်ဝင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆–၁၁–၁၉၉၁ ဖြစ်ပါသည်။

ခြံရောင်းမည်
ပြည်လမ်း ၇မိုင် ဦးလွန်းမောင်လမ်းမ ၄၁ x၇၅ အုတ်တံတိုင်းကာပြီး
ဖုန်း–၂၂၀၇၃၆၊ ၀၉–၅၁၇၈၇၉၁

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးညွန့် (REGGIE KO)

ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆရာ ဦးစိုးညွန့် (REGGIE KO) အသက်(၆၂)နှစ်သည် ၂၀–၅–၂၀၀၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီ၌ တောင်ကြီးမြို့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးနှင့်တပည့်ကာယဉာဏဝန်ထမ်းများ
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)

အမည်ပြောင်း
အထက(၁)ဗိုလ်တထောင် အဋ္ဌမတန်း Bမှ အဘ ဦးအောင်ချမ်းသာ၏ သမီး မအေးနန္ဒာကျော်အား မအိအိမိုဟု ပြောင်းလဲခေါ်ပါရန်။ **မအိအိမို**

ညှိနှိုင်းဈေးရောင်းမည်
တာမွေ သတိပဋ္ဌာန်လမ်း အမှတ်(၆၇–A)ရှိ အခန်းအကျယ် ၁၇'x ၆၀'၊ မြေညီလွှာ၊ ရေ၊ မီးကိုယ်ပိုင် အသောကဈေးနီး။
ဆက်သွယ်–၀၉၅၁၀၂၈၂၁

ဖခင်အမည်မှန်
မှော်ဘီမြို့ အမှတ်(၁)အထက အဋ္ဌမတန်း(H)မှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်ပါ (HBI–၀၁၅၀၈၃) ဦးသိန်းဝင်းဖြစ်ပါသည်။

Taxi ရောင်းမည်
Toyota Crown Diesel 2c
အခွန်ကျေပြီး၊ လိုင်စင်ဝင်ပြီး ၁က/တစ်ထောင်ကျော်။
ph: 501879

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်
ရွှေမာလာ 1MBR,2BR ဖုန်း၊ ရေ၊ မီး လှိုင်သာယာ ကျန်စစ်သားအိမ်ရာ မြေညီ၊ ဖုန်း၊ ရေ၊ မီး။
ဒဂုံမြောက် ၃၉(A)ထောင့်ကွက်၊၄၀'x၆၀'၊ဒဂုံမြောက် (၁၀)ရပ်ကွက်၊ ထောင့်ကွက် ၄၀' x ၆၀' ဖုန်း–၀၉၅၁၃၅၂၂၄။ **(ပွဲစားမလိုပါ)**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဝင်းမိုးအောင်၏ PP No(618982)သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
၉၂၊ ကျွန်းချောင်းမြိုင်(၁)လမ်း၊ ၂၃ ရပ်ကွက်၊ သဃ်န်းကျွန်း

ကျေးဇူးဆပ်ပါမည်
ကျွန်မ ဒေါ်မုန်လန့် ပိုင်ဆိုင်သော နဝဒေးအိမ်ရာ အရောင်းအဝယ်စာချုပ်မှ အခန်းအမှတ် (၁၄)၊ (၁၅)၊ (၁၆)၊ မြေတိုင်းရပ် အမှတ်(၄)အဆင့် (၃)၊ သောင်ကြီးခွင်တောင်ပိုင်း လှိုင်သာယာ ရန်ကုန်မှ မူရင်းစာချုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း–၆၆၀၀၄၇

ကျေးဇူးဆပ်ပါမည်
ကျွန်တော် အောင်နိုင်ထွန်း၏ မြန်မာနိုင်ငံကူးလက်မှတ်(၄၉၀၈၇၂) သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၇၂၆၆၂၇**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ညီညီနိုင်၏ မြန်မာနိုင်ငံကူးလက်မှတ်(၁၀၄၀၅၈) သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၀၁၈၇၈၈**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ကျော်သူ၏ မြန်မာနိုင်ငံကူးလက်မှတ်(၆၄၅၂၉၀) သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**Ph: 09 510 6702**

National နေရှင်နယ် လျှပ်စစ်ပစ္စည်းများ



မီးအားမြှင့်စက်များ - (1 KVA), (2 KVA), (3 KVA), (5 KVA), (7.5 KVA), (10 KVA), (15 KVA), (20 KVA), (25 KVA), (30 KVA), (UPS)

မီးအားမြှင့်စက် အမျိုးမျိုးရရှိနိုင်ပါသည်၊

YANDAYAR TRADING CO., LTD.

Showroom - ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 502313 / 722544 / 501329

ဝမ်းနည်းကြေကွဲခြင်း
ထူးထရေးဒင်း ကုမ္ပဏီလီမိတက် ဘိလပ်မြေစက်ရုံ စီမံကိန်းမှ စီမံကိန်းမန်နေဂျာ ဦးညွန့်လွင်သည် ၁၉–၅–၂၀၀၇ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေးဂျင်းဒါရိုက်တာ
ဒါရိုက်တာနှင့်ဝန်ထမ်းများ
Htoo Trading Co., Ltd.

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဇော်မင်းအောင်၏ PP No(576757) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ထန်းမနိုင်ကျေးရွာ
ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ဦးလှဖေ၏ Electrical Engineer Certificate (N0-972)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉ ၅၆၁၈၇၂

ဝမ်းနည်းကြေကွဲခြင်း
ဦးညွန့်လွင်(အသက် ၇၃ နှစ်)
စက်မှုကြွေ/မြေ(ငြိမ်း)

ဦးမြတ်ထွန်းမင်းညို–ဒေါ်စိုးစိုးလွင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မခင်ချမ်းမြေ့ညို၏ ဘိုးဘိုးကြီး ဦးညွန့်လွင်သည် ၁၉–၅–၂၀၀၇ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် စိုးစိုးမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မီ၊ ခိုင်၊ ထွေး၊ ဖြူ၊ နွယ်၊ ဝါ

အမည်ပြောင်း
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(ကမာရွတ်) ပထမတန်း(J)မှ အဘ ဦးသိန်းမြင့်၏သမီး မသွယ်နုဆွေအား မငွေအင်ကြင်းစံဟု ပြောင်းလဲခေါ်ပါရန်။ **မငွေအင်ကြင်းစံ**

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မိုးဇော်၏ PP No (609865)ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဗိုလ်ကုန်းကျေးရွာ**
ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း

မီးသတ်ပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ် ၆၃၅၊ မြေကွက်တည်နေရာ အမှတ် ၆၃၅ ရှင်သိဒ္ဓတ်လမ်း၊ ၇ရပ်ကွက် တ/ဥက္ကလာပ (ဦးစောနိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးစောနိုင် ကွယ်လွန်သဖြင့် ဒေါ်ညွန့်တင် [၁၂/ဥကတ(နိုင်) ၁၀၈၁၂၄]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၈ ဒီ မြေကွက်အမှတ် ၂၅၊ မြေကွက်တည်နေရာ အမှတ်၂၅ ရှမ်းလမ်း စမ်းချောင်းမြို့နယ် (ဦးရင်ဖေ) အမည်ပေါက် နှစ် (၆၀)ဂရန် မြေအား အမည်ပေါက် ဦးရင်ဖေနှင့်ဇနီး ဒေါ်ပုတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ကျင်အေး [၁၂/ဥကတ(နိုင်) ၀၂၃၃၇၉]၊ ဦးကျင်အောင် [၁၂/တမန(နိုင်) ၀၄၃၇၈၉]၊ ဒေါ်ကြင်မြိုင် [၉/မနမ(နိုင်)၀၅၈၆၀၂]၊ ဒေါ်ခင်သိန်းဆွေ[၁၂/တမန(နိုင်) ၀၃၂၆၃၇]၊ ဦးမျိုးမြင့်ဆွေ [၁၂/တမန(နိုင်) ၀၆၄၅၈၅]၊ ဒေါ်ရီရီဆွေ[၁၂/တမန(နိုင်)၀၄၉၃၃၇]၊ ဦးကံကြည်ဆွေ [၁၂/တမန(နိုင်)၀၅၀၂၄၆] တို့က သားသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စွန့်လွှတ်–အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြခိုင် (၉၈)နှစ်

သဲအင်းဂူယောဂီ(မှော်ဘီ)
(ဗိုလ်ချုပ်အောင်ဆန်းဈေး)
(အိမ်မဲ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (F-၂၀၁)နေ ဒေါ်ဘောဂဝတီ(ခ)ဒေါ်ညိုညိုမြင့်(သဲအင်းဂူကျောင်း-မှော်ဘီ/ဗိုလ်ချုပ်ဈေး)၏ခင်ပွန်း၊ ဒေါ်မာလာ-(ဦးမောင်မောင်)၊ ဦးမြသန်း-ဒေါ်ခင်မာဦး၊ ဒေါ်စုစုခိုင်-(ဦးစိုင်းအောင်လှိုင်မြင့်)၊ ဦးကျော်ထွန်း-ဒေါ်ကြူကြူဝင်း၊ ဦးနေဝင်းထွန်း - ဒေါ်မိမိခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဦးသန်းညွန့်၊ ဦးသန်းအောင်တို့၏အစ်ကို၊ မြေး ၁၀ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂၂-၅-၂၀၀၇(အင်္ဂါနေ့)ညနေ ၄း၀၅နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမ

ဒေါ်မြ (၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၇)လမ်း၊ အမှတ်(၁၂)နေ (ဦးစံရင်၊ ပန်းချီ)၏ဇနီး၊ (ဦးထွန်းလှ-ဒေါ်ပန်းယု)တို့၏ သမီး၊ (ဦးစိန်ဖိုး-ဒေါ်ကျင်မွှေး)တို့၏ သမီးချွေးမ၊ (ဦးစံမြင့်-ဒေါ်အေး)၊ (ဦးစိန်ဝင်း)-ဒေါ်တင်အေးတို့၏ ညီမ၊ ဦးသောင်းမြင့်-ဒေါ်နုနုရင်(Fashion Star & My Fashion)၊ ဦးမြင့်စိန်(မြန်မာသီဂီဆောက်လုပ်ရေး)-ဒေါ်မူမူဝင်း(မြန်မာသီဂီစတိုး၊ ဗိုလ်ချုပ်ဈေး)၊ ဦးစောလှ-ဒေါ်လှလှလွင်(လ/ထ ကထိက၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၂၂-၅-၂၀၀၇(အင်္ဂါနေ့) ည ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၇(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒါရိုက်တာဦးကြီးမြင့်

အသက်(၇၇)နှစ်

(ဦးခိုဝါ-ဒေါ်ကြင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၅၃-စီ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်မြသန်း၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာသန်းနိုင်-ဒေါက်တာဝေဝေလွင်ဦး၊ ဦးအောင်ခိုင်-ဒေါ်ရွှေဝါ(တောင်ကြီး)၊ ဒါရိုက်တာအိအိခိုင်-ဦးဆန်းဦးတို့၏ဖခင်၊ သူရိန်ဦး-ဆောင်းနှင်းပွင့်၊ သီရိသန်းနိုင်ဦး၊ နေထူးနိုင်၊ အေးမြသူ၊ ရိုးဆန်းဦး၊ ကျော်စည်သူ၊ လင်းဆန်းဦး၊ အောင်ချမ်းသာတို့၏ အဘိုးသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဒေသစံတော်ချိန် ၂၂-၅-၂၀၀၇ရက် ည ၁၁း၃၀နာရီ (မြန်မာစံတော်ချိန် ၂၃-၅-၂၀၀၇ရက် မွန်းလွဲ ၁နာရီ)တွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒါရိုက်တာဦးကြီးမြင့်

အသက်(၇၇)နှစ်

(ဦးခိုဝါ-ဒေါ်ကြင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ ၅၃(စီ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်မြသန်း၊ (ဦးသန်းဝင်း)-ဒေါ်ညွန့်ညွန့်၊ ဦးအောင်နိုင်-(ဒေါ်အေးသီ)၊ ဒေါ်ပို့ပို့-(ဦးကျော်ညွန့်)၊ ဒေါ်ကျော့ကျော့ခိုင်-(ဦးအောင်မြင့်)တို့၏အစ်ကိုသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဒေသစံတော်ချိန် ၂၂-၅-၂၀၀၇ရက် ည ၁၁း၃၀နာရီ (မြန်မာစံတော်ချိန် ၂၃-၅-၂၀၀၇ရက် မွန်းလွဲ ၁နာရီ)တွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသာလှဦး

အသက်(၇၅)နှစ်
အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)
MEPE

ရန်ကုန်မြို့၊ ဆင်မလိုက်ဓာတ်အားခွဲရုံ၊ ရေကြောင်း သဘော်ကျင်းအရာရှိရိပ်သာဝင်းနေ (ဦးလှထွန်းဖြူ-ဒေါ်နှောင်းဖြူ)တို့၏သားကြီး၊ (ဦးမောင်ကျော်-ဒေါ်စောလှ)တို့၏ သားသမက်၊ ဦးသာဖုံလှ-ဒေါ်မကံသာ၊ ဒေါ်လှမိုးစိန်၊ ဦးအောင်စံကျော်-ဒေါ်စောယဉ်၊ ဦးသိန်းလှ-ဒေါ်ထွေးလှတို့၏ အစ်ကိုကြီး၊ ဒေါ်သံဒါဖြူ၏ ခင်ပွန်း၊ ဒေါ်တင်တင်အေး-ဦးကြည်စိုး၊ ဦးတင်မောင်အေး-ဒေါ်မေသီတာလွင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးရှင်သည် ၂၃-၅-၂၀၀၇ ရက် နံနက် ၃း၃၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၇ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ရဲမှူးဟန်ကြည်ဒါးလ်

လ-၅၈၀၂၃
(Police Major Hang Cin Dal)
အသက်(၅၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေရွာနေ ဦးပေါ်ထောင်း-ဒေါ်ဆွန်ကျိန်တို့၏ သားထွေး၊ ဒေါ်နန်းသီသာ(ခ)ဒေါ်နန်ဒွဲ၏ ချစ်လှစွာသောခင်ပွန်း၊ မကော့မိုင်(ခ)နန်းသူသူဟန်၊ မတိတိ(ခ)နန်းဖြိုးဖြိုးဟန်(ME ရှိုင်းဟိန်းကုမ္ပဏီ)၊ နန်းစီဒါးလ်(ခ)ဘွဲ့ဘူလ်တို့၏ ဖခင်၊ ဦးဇော်ဘောင်-ဒေါ်ရွယ်ကြီး(သာစည်မြို့)တို့၏ သားသမက်၊ ဗိုလ်ကြီးလျှင်ပေါ(ငြိမ်း)-ဒေါ်နွမ်းခန့်ကျိန် (သူနာပြုဆရာမကြီး-ငြိမ်း)၊ ဒေါ်အွဲ့ဇကျိန်-(ဦးပောက်ကျင့်ပေါင်)၊ (ဦးခုပ်ခိုကမ်း)၊ ဒေါ်ညောင်းဇပုန်-ရဲတပ်ကြပ်ကြီးခိုင်ဇကျင့်၊ ဦးဒိုးကျင့်ဇမ်း-ဒေါ်ချင်းဇကျိန်၊ ဦးထန်ကန်းထောင်း-ဒေါ်ထျုန်နဲမ်းတို့၏ ညီ/မောင် ရဲမှူးဟန်ကြည်ဒါးလ်သည် ၂၂-၅-၂၀၀၇ ရက် ည ၁၀နာရီတွင် အင်းစိန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆-၅-၂၀၀၇(စနေနေ့) နံနက် ၁၁နာရီတွင် အမှတ်(၁၅၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ စီးယင်းနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၁)၊ ရဲတပ်ရင်း၊ လှော်ကားနှင့် စီးယင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးစိန်ထွန်း (၉၆)နှစ်

ကျောင်းဆရာကြီး(ငြိမ်း)
ဇီးကုန်း

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နေ (ဦးသာဖံ-ဒေါ်မှိန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်း(၁၄)ရပ်ကွက်၊ ကျောင်းလမ်း၊ ခြံအမှတ်(၂)နေ အငြိမ်းစားဆရာမကြီး ဒေါ်အုန်း၏ ခင်ပွန်း၊ ဦးခင်မောင်ဦး (သတ္တုတွင်း-၃၊ ငြိမ်း)-ဒေါ်သီတာရီရီဆွေ၊ ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်(ငြိမ်း)-ဒေါ်မြင့်မြင့်ကြီး၊ ဒေါ်အေးအေးသွင်-ဦးမြင့်ဦး (မင်းမင်းပုံနှိပ်တိုက်)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၀၇ရက် နံနက် ၆း၁၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၀၇ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဗိုလ်မှူးလှမြင့်(ငြိမ်း)

အသက်(၈၃)နှစ်
ဗိုလ်သင်တန်းအမှတ်စဉ်(၁၃)
တောင်ငူမြို့၊ သရက်မှော်ရပ်
(တောင်ငူ)

တောင်ငူမြို့၊ သရက်မှော်ရပ်နေ (ဦးကရင်ပု-ဒေါ်စကီနာ)တို့၏ သား၊ (ဦးသိန်းမောင်-ဒေါ်စောလှ)တို့၏ သားသမက်၊ (ဒေါ်အရှာ)၊ (ဒေါ်ရှမိ)၊ (ဦးဟာတင်)တို့၏ညီ/မောင်၊ (ဒေါ်အစိ) ဒေါ်ဂျန်နီတို့၏အစ်ကို၊ (ဦးမောင်မောင်၊ သစ်လုပ်ငန်း)၊ ဒေါ်ခင်မေ၊ ဒေါ်ဘေဘီ၊ ဦးဇော်လင်း၊ ဦးဇော်ဝင်းတို့၏ ဦးလေး၊ ဒေါ်မိမိခင်၏ ခင်ပွန်း၊ (မနီလာ)မမိုမို၊ မဥမ္မာ၊ မသန္တာတို့၏အဘိုး၊ မြစ် ကိုးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၀၇ (စနေနေ့) နံနက် ၃း၅၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အမာဂျန်ဘီ(ခ)ဒေါ်လှလှသန်း

အသက်(၈၀)
(သထုံ)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ယုဝလမ်း၊ အမှတ် (၁၁)နေ (ဟာဂျီအစ္စမိုင်အင်(ခ)ဟာဂျီဦးထွန်းရှိန်)၏ ဇနီး၊ ဦးစံမြင့်၊ ဒေါ်ဖြူဖြူရှိန်၊ ဒေါ်ယဉ်ယဉ်ရှိန်၊ ဒေါ်နီနီရှိန်၊ ဒေါ်တင်တင်ရှိန်၊ ဦးထွန်းသန်း၊ ဒေါ်မေမေရှိန်၊ (ဦးတင်မောင်ထွန်း)၊ ဦးမြတ်သူရတို့၏ မွေးသမိခင်၊ ဟာဂျီဦးလှထွန်း-ဟာဂျီမမေသက်အောင်နှင့်မြေး ၂၆ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားသည် ၂၁-၅-၂၀၀၇ရက် နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာသျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့် (၇၁)နှစ်

(Ex-R/O) CDC-6806
(ချောက်)

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၁၀မိုင်၊ ၉၁၃(ဂ)နေ (ဦးဘရှင်-ဒေါ်မြရှင်)တို့၏ သား၊ (ဦးတင်မောင်-ဒေါ်မြညွန့်)တို့၏ သားသမက်၊ ဦးသန်းလွင်-ဒေါ်ခင်ကြည်၊ ဦးထွန်းသန့်-ဒေါ်တင်ညိုတို့၏ ညီ/အစ်ကို၊ ဒေါ်တင်သန်းဝင်း၏ ခင်ပွန်း၊ မောင်အောင်မင်းဦး-မလှလှဒွေး၊ မောင်သန်းထိုက်(PME) - မမော်မော်ထွန်း၊ မောင်အောင်လင်းထူး၊ မသင်ဇာလင်းမြင့်တို့၏ ဖခင်၊ တြာအိသျှံ၊ တိုးအုပ်လွှမ်းတို့၏ အဘိုးသည် ၂၁-၅-၂၀၀၇ ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၇ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု

လျှောင်ကျိုသန်း(ခ)ဦးကျော်သန်း

အသက်(၉၃)နှစ်
(သုံးခွ)

သုံးခွမြို့နေ (ဦးဘိုကီး-ဒေါ်ရှုရင်)၊ ဦးဘိုဟင်း-ဒေါ်အုန်းကြည်တို့၏အစ်ကိုကြီး၊ အမှတ်(၈၇)၊ အောင်ဇေယျလမ်း၊(၄)ရပ်ကွက်နေ ကိုမောင်မောင်၊ မမူမူ၊ ကိုကျင်အိတ်-မကျင်လှ၊ ကိုမောင်မောင်အေး-မမြစန်းတို့၏ ဘကြီး၊ တူ၊ တူမ ၃၀ယောက်တို့၏ ဘကြီးသည် ၂၁-၅-၂၀၀၇ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၇ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ သုံးခွမြို့ ဥက္ကံဝသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ပု (၈၅)နှစ်

ဆရာမ(ငြိမ်း) အထက(၂) တောင်ဥက္ကလာ
ဒလ/ပျော်ဘွယ်ကြီး

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တိုက်အမှတ်(၇၀-လေးလွှာ)၊ (၁၆၅)လမ်းနေ ဦးခိုင်မူ(လ/ထတိုင်းဦးစီးမှူး၊ လဝက)၏ ဇနီး၊ (ဒေါ်ခင်စောမူ)၊ ဦးသန်းထွန်း (Nikko Hotel)-ဒေါ်ခင်ပြုံးမူ၊ (ဦးကျော်ကျော်သိန်း၊ အင်ဂျင်နီယာမှူး)-ဒေါ်နုနုရည်၊ ဦးတင်မောင်စန်း (Myanmar Anada Co., Ltd.)-ဒေါ်သီတာခိုင်(ထ/ပြ၊ထ-၄၊ မ/ဒဂုံ)၊ ဦးဝင်းမူ၊ ဒေါ်ဥမ္မာခိုင်(လယ်/စိုက်)၊ ကိုသောင်းနိုင်ဦး-မဝင်းနွယ်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွားသည် ၂၂-၅-၂၀၀၇ရက်ည ၁၁း၃၀နာရီတွင် ကွယ်လွန် သွားပါ၍ ၂၄-၅-၂၀၀၇(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်အေး (၇၄)နှစ်

အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဝန်ကြီးရုံး ကာကွယ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့နေ (ဦးဘစိန်-ဒေါ်သိန်း)တို့၏ သား၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ နိကြောဓလမ်း၊ အမှတ်(၃၁)၊ (၃-ခ)နေ ဒေါ်မေမေခင်၏ ခင်ပွန်း၊ ဗိုလ်မှူးတင်ထူး(ငြိမ်း)-ဒေါ်ရင်ရင်လှတို့၏ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးငွေဝင်း(ဘိလပ်မြေစက်ရုံ၊ မြိုင်ကလေး)-ဒေါ်မီမီအေး၊ ဦးဝင်းနု-ဒေါ်ကြည်ကြည်ဇင်၊ ဦးဇော်လွင်တို့၏ ချစ်လှစွာသောဖခင်၊ မနှင်းအိအိဝင်း၊ မအင်ကြင်းမွှေး၊ မောင်ကျော်ဇောဝင်း၊ မမီမီအောင်၊ မဝင်းထက်ထက်အောင်၊ မောင်ထင်ပြည့်မှူးတို့၏ ချစ်လှစွာသော အဘိုးသည် ၂၂-၅-၂၀၀၇(အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ကျောက်မြောင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၇ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကျောက်မြောင်း နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၀၇(တနင်္လာနေ့) နံနက် ၇ နာရီတွင် ကျောက်မြောင်း၊ နိကြောဓလမ်း၊ အမှတ်(၃၁) (၃-ခ)နေအိမ်၌ ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်မွတ်(စ်)တဖား(ခ)ဦးမြင့်ဦး

အသက်(၆၈)နှစ်
ပင်မဝိဇ္ဇာသမားတော်ကြီး

ရန်ကုန်မြို့၊ အမှတ်(၁၄၇/၁၅၁)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးဖော်ဇော်-ဒေါ်အမာ)တို့၏သား၊ ကျိုက်မရောမြို့နယ်နေ (ဦးအဗ္ဗဒူရဟင်-ဒေါ်ဖော်ဒိုင်)တို့၏သားသမက်၊ ဟာဂျီမ ဒေါ်ဆလ္လမာ(ခ) ဒေါ်ခင်ကြည်၏ ခင်ပွန်း၊ ဦးတင်ဝင်း(ဝိဇ္ဇာအထူးကုဆေးခန်း)၊ ဒေါ်စန္ဒာလင်း၊ ဦးစိုးမြင့် (ဝိဇ္ဇာအထူးကုဆေးခန်း)၊ ဒေါ်သန်းသန်းအေး၊ ဦးဝင်းမျိုး(အောင်ဝိဇ္ဇာမိုရ် တိုင်းရင်းဆေးထုတ်လုပ်ရေး) ဒေါ်သီဂီအောင်၊ ဒေါ်မော်မော်၊ ဦးအလီယက်(စ်) (ခေတ္တ-မလေးရှား)၊ ဒေါ်ဝေဝေ၊ ဦးအောင်လှိုင်(မျက်မှန်လုပ်ငန်း)၊ ဒေါ်နွယ်နွယ်ဦး၊ ဦးဇော်ဝင်း (မိုးသောက်ပန်းနာရီဆိုင်)တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၀၇(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ (၃၅)လမ်း ဗလီတွင် ဇဟိုရ်နမာဇ်ဖတ်ပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကိုအောင်ဇေယျ
မိတ္ထီလာတပ်မတော်ကျောင်းသားဟောင်း

၂၁-၅-၂၀၀၇ ရက်တွင် သူငယ်ချင်းကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ဝမ်းနည်းရပါသည်။ ပျော်ရွှင်စွာ အတူတကွသွားလာနေထိုင်ခဲ့ကြသော နေ့ရက်များကို ထာဝစဉ်အောက်မေ့အမှတ်ရနေပါမည်။ သူငယ်ချင်းကောင်းရာဘုံဘဝသို့ ရောက်ပါစေ။ **မိတ္ထီလာတပ်မတော်ကျောင်းသားဟောင်း သူငယ်ချင်းများ**

ဦးအောင်မောင်း (၇၃)နှစ်

(ကျူကဒတ်)

(ဦးစံရွှန်း-ဒေါ်မမြ)တို့၏ သား၊ ဒေါ်သောင်းတင်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကြည်ဆန်း-ဒေါ်တင်သန်းနွဲ့၊ (ဗိုလ်စိုးအောင်၊ တေဇ-၈)၊ ဦးတိုးအောင်ဆန်း-ဒေါ်တင်မြင့်ဝေ၊ဗိုလ်ကြီးဝင်းမြင့်၊ဒေါ်ဝင်းဝင်းမော်(ထ-၅၊ မင်္ဂလာဒုံ)တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၂-၅-၂၀၀၇ရက် မွန်းလွဲ ၄း၄၅နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်ပါသဖြင့် ၂၄-၅-၂၀၀၇(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးပြုံးလွင်(ခ)ဦးညီညီ

အသက်(၅၅)နှစ်
၉၉၉၉ ရှပ်ဆိုင်၊ မင်္ဂလာဈေး
(ဒိုက်ဦး)

ဒိုက်ဦးမြို့၊ အမှတ်(၈၂)၊ အောင်ချမ်းသာလမ်းနေ (ဦးဟုနာ-ဒေါ်ရွှေကျင်)တို့၏သား၊ (ဦးကျော်စိန်)-ဒေါ်ပု၊ ဦးမြင့်လှိုင်-(ဒေါ်လှလှမြင့်)၊ (ဦးအုန်းမြင့်)-ဒေါ်ကျင်စိန်၊ ဦးခွေး-ဒေါ်ဘီကီး၊ (ဦးစိုးမြင့်)-ဒေါ်သန်းသန်းမြင့်၊ ဦးမျိုးနိုင်-ဒေါ်ကြူကြူလွင်၊ ဦးမျိုးလွင်-ဒေါ်လှလှဝင်းတို့၏ ညီ/မောင်၊ ဦးသက်လွင်-ဒေါ်သိန်းသိန်း၊ ဦးယုလွင်-ဒေါ်ခင်ခင်သက်တို့၏ အစ်ကိုသည် ၂၃-၅-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၇ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု

ဦးပြုံးလွင်(ခ)ဦးညီညီ

အသက်(၅၅)နှစ်
၉၉၉၉ ရှပ်ဆိုင်၊ မင်္ဂလာဈေး
(ဒိုက်ဦး)

ဒိုက်ဦးမြို့၊ အောင်ချမ်းသာလမ်း၊ အမှတ်(၈၂)နေ (ဦးဟုနာ-ဒေါ်ရွှေကျင်)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၂/K)နေ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မင်း(ကိုးလေးလုံးရှပ်ဆိုင်)၊ မပြုံးသန္တာလွင်၊ ကိုသက်ဝင်း-မပြုံးနန္ဒာလွင်၊ ဒေါက်တာဟိန်းလတ်၊ မောင်ဇေလတ်တို့၏ မွေးသဖခင်၊ မောင်မင်းခန့်၏ အဘိုးသည် ၂၃-၅-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းထွဋ်ဦး (၅၃)နှစ်

တပ်မတော်ကလေးများ
အထက်တန်းကျောင်းအသင်းဝင်၊မိတ္ထီလာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် (7H-2C)နေ ဦးဘထွန်းတင်-(ဒေါ်သန်းသန်းတင်)တို့၏သားကြီး၊ (ဦးခင်မောင်)-ဒေါ်သန်းစိန်တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေ၏ခင်ပွန်း၊ မငြိမ်းစန္ဒာထွန်း၊ မောင်ညိမ်းကိုကိုထွန်း(ပထမနှစ်၊ ဘူမိဗေဒ)တို့၏ ဖခင်သည် ၂၃-၅-၂၀၀၇(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၇ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မင်းကွန်းတောရကျောင်းတိုက်
ဦးစီးပဓာနမဟာနာယက
ဗိုလ်တထောင်စေတီတော်သြဝါဒါစရိယ
ဓမ္မသာကစ္ဆာအဖွဲ့ သြဝါဒါစရိယ
မြသိန်းတန်၊ အောင်ဓမ္မာရုံသြဝါဒါစရိယ
သက်တော်ရှည်ဆရာတော်ကြီး

ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်

သိက္ခာတော်(၈၀)၊ သက်တော်(၉၉)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ မင်းကွန်းတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးသည် (၁၃၆၉ခုနှစ် နယုန်လဆန်း ၇ရက်) ၂၂-၅-၂၀၀၇ (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ အန္တိမ ဈာပနကို (၁၃၆၉ခုနှစ် နယုန်လဆန်း ၁၁ရက်) ၂၆-၅-၂၀၀၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

သံဃာတော်များနှင့်
မင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟ အသင်းသူ၊ အသင်းသားများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မင်းကွန်းတောရကျောင်းတိုက်ဦးစီးပဓာနနာယက
နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်သြဝါဒါစရိယ
သက်တော်ရှည်ဆရာတော်ကြီး

ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်

သိက္ခာတော်(၈၀)၊ သက်တော်(၉၉)နှစ်

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်း နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ဖြစ်တော်မူသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ မင်းကွန်းတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်သည် ၂၂-၅-၂၀၀၇(အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၆-၅-၂၀၀၇(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမ ဈာပနကို ကျင်းပမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးသိန်းလွင် (၇၆)နှစ်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်မြို့နေ (ဦးကျော်-ဒေါ်ပု)တို့၏သား၊ (ဦးမြင့်သိန်း-ဒေါ်မမလေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၇၉/၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်ယဉ်ယဉ်အေး၏ခင်ပွန်း၊ ကိုသက်ဆွေ-မစန်းစန်းလွင်၊ ကိုဝင်းသိန်း(P.S.A, Singapore)-မမင်းမင်းနွယ်၊ ကိုတင့်လွင်(Health way Medical Co., Ltd. Singapore)-မစန္ဒာတိုးဆွေတို့၏ ဖခင်ကြီးသည် ၂၂-၅-၂၀၀၇(အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၇(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြော့မေ (၆၇)နှစ်

(အနောက်ဂန့်ဂေါ)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)၊ စုပေါင်းရပ်ကွက်၊ အမှတ်(၃၄၃/၃၄၄-B)၊ ယင်းမာမြိုင်လမ်းနေ ဗိုလ်မှူးကြီးအောင်စန်း(ငြိမ်း)၏ဇနီး၊ မောင်အောင်မိုးနိုင်၊ ဗိုလ်မှူးအောင်အောင်-မသီတာ၊ ဗိုလ်ကြီးအောင်ကျော်လင်း-မဆွေမာတင့်၊ ဒေါက်တာစန်းစန်းမေ(NYGH)၊ မမိမိမော်တို့၏ မိခင်၊ မိုးမိုး၊ ကောင်းကောင်း၊ ဖိုးပြည့်တို့၏ အဘွားသည် ၂၃-၅-၂၀၀၇(ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ၂၅-၅-၂၀၀၇(သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြော့မေ(၆၇)နှစ် နာမကျန်းဖြစ်စဉ် စေတနာမေတ္တာအပြည့်ဖြင့် ဂရုတစိုက်ကုသပေးကြသော ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး၊ ခွဲစိတ်ပါမောက္ခဆရာဝန်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆေးကုသဆောင်နှင့် မေ့ဆေးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ သတင်းမေးလာရောက်ကြပါသော ဆရာသမား၊ ဆရာဝန်ကြီးများ၊ အသည်းအထူးကုဆရာဝန်ကြီး၊ ဝိုင်းဝန်းပြုစုပေးကြပါသော ခင်မင်ရင်းနှီးသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဓမ္မမိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါသည်။

ဗိုလ်မှူးကြီးအောင်စန်း(ငြိမ်း)နှင့် သမီး Dr. စန်းစန်းမေ မိသားစု

ဦးသန်းထွန်း

အသက်(၆၁)နှစ်
ရွှေတိဂုံ ရခိုင်တန်ဆောင်း
ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
အမှုဆောင်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၆၀)နေ (ဦးကျော်သာ-ဒေါ်အေးရင်)၊ (ဦးသာထွန်းအောင်-ဒေါ်မချစ်)တို့၏ သားသမက်၊ (ဦးဖြူမောင်)-ဒေါ်ဦးရီတို့၏ ညီ၊ ဦးစိုးဝင်း-ဒေါ်မြသွင်(အမရပူရ)၊ဦးသာခိုင်-ဒေါ်စန်းစန်း၊ ဦးဖိုးအေး-ဒေါ်ကြင်မြိုင်၊ ဦးမဲမောင်-ဒေါ်စိန်နှင်း၊ ဦးအစိန်-ဒေါ်သာနုတို့၏ ညီ/မောင်၊ ဒေါ်ခင်မေရီ၏ခင်ပွန်း၊ မောင်မြင့်ဦး၊ မောင်မြင့်အောင်၊ မတင်နွယ်အေး၊ မချိုမေသန်းတို့၏ မွေးသဖခင်သည် ၂၃-၅-၂၀၀၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၇(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသက်နွယ်(ခ)ဦးငြိမ်းမောင်

အသက်(၇၀)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ငန်းတေး-ငြိမ်း)

မော်လမြိုင်မြို့နေ (ဦးအေးမောင်-ဒေါ်ပွေး)တို့၏ သားကြီး၊ မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ အမှတ်(၅၆၅)၊ တပ်ထိန်းတပ်ခွဲရှေ့နေ ဒေါ်ပုလေး(ခ)ဒေါ်လှမဋ္ဌူ၏ခင်ပွန်း၊ ကိုသောင်းနိုင်ဦး-ဒေါ်အေးအေးမြင့်၊ မောင်ကိုကိုလွင်-မရွှေရည်ဦး (Monitor City, M.E.C)၊ မအေးမော်လွင်၊ မောင်အောင်ဇော်မိုး-မဝင်းဝင်းနွယ်၊ မသီတာသက်မွန်ထွေး(သရုပ်ပြ၊ နည်းပညာတက္ကသိုလ်၊ မော်လမြိုင်)တို့၏ ဖခင်၊ မသင်းသင်းနိုင်၊ မောင်လရောင်လင်း၊ မောင်ပြည့်စုံခန့်၊ မအေးအေးခိုင်တို့၏အဘိုးသည် ၂၀-၅-၂၀၀၇(တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် မော်လမြိုင်မြို့ စမ်းကြီးရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၇(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ငွေကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကလေးများအတွက်စာအုပ်၊ လူငယ်များအတွက်စာအုပ်၊ မိသားစုအတွက်စာအုပ်
လုပ်ငန်းခွင်အတွက်စာအုပ်၊ စာသမားများကြိုက်စာအုပ်...မျိုးစုံ

စိတ်ကူးချိုချိုစာအုပ်တိုက်
စာအုပ်လျှော့နှုန်းဈေးရောင်းပွဲ

စာအုပ်အားလုံး တစ်ဦးချင်း ၁၅%၊ ကိုယ်စားလှယ် ၂၀%လျှော့ဈေး
အင်္ဂလိပ်စာ၊ ကျန်းမာရေး၊ စီးပွားရေး၊ အောင်မြင်တိုးတက်ရေး၊ သမိုင်း၊ အတတ်ပညာ၊ စာပေရေးရာ၊ ဂန္ထဝင်
သုတနဲ့ရသ **စာအုပ်အသစ်**တွေလည်းပါတယ်၊ အမှတ်တရလက်ဆောင်တွေလည်းပေးနေပါတယ်။
၂၀၀၇ မေလ ၂၄ ရက် ကြာသပတေးနေ့မှ ဇွန်လ ၁ ရက် သောကြာနေ့အထိ
မနက် ၉နာရီမှ ညနေ၅နာရီအထိ၊ လောကနတ်အနုပညာဆိုင်ခန်း၊ ပန်းဆိုးတန်းလမ်းအောက်ဘလောက်၊ ရန်ကုန်မြို့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြခင်း-ပခုက္ကူ ရထားလမ်း၊ သရက်-ပွင့်ဖြူ လမ်းပိုင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး လုပ်ငန်းစီမံချက်နှင့်အညီ သတ်မှတ်ချိန်ပြီးစီးရေး၊ တံတားလုပ်ငန်းများကို တစ်ပြိုင်တည်းစီစဉ်ရန် မှာကြား

နေပြည်တော် မေ ၂၃

မကွေးတိုင်း မကွေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မကွေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (မကွေး) သို့

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ ဆောင်းပါးအညွှန်း

"ရှေ့ကလဲ မသွား၊ နောက်ကလဲ မလိုက်၊ ဘေးကနေ ကန့်လန့်လိုက်နေတဲ့ လွယ်အိတ်နှင့်တူသော ကဖျက်ယဖျက်သမား လူနည်းစုကို လူတိုင်းက ရှောင်ကြဉ်သင့်တဲ့အချိန် ရောက်ပါပြီ။"

ဆရာဖုန်း၏ **"သူတို့ တာဝန်ကျေကြသည်"**

(ဆောင်းပါး) စာမျက်နှာ-၆-၇

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီတံတား(နမ့်ခမ်း)စီမံကိန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ မိုးကိုးမြို့နှင့်ကျူကုတ်(ပန်ဆိုင်း)မြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၂၀ရက် နံနက် ၈ နာရီတွင် မူဆယ်မြို့ ရွှေလီရတနာရိပ်သာ၌ နမ့်ခမ်းမြို့နယ်အနီး တည်ဆောက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီတံတား(နမ့်ခမ်း)တည်ဆောက်ရေးစီမံကိန်းတို့မှ တာဝန်ရှိသူပုဂ္ဂိုလ်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရေအားလျှပ်စစ်အသုံးချရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးသူရတင်အုန်းက စီမံကိန်းသို့ဝင်ရောက်သည့် တန်(၄၀) တံတားများကို တန်(၁၀၀) ခံနိုင်ဝန်ရှိသည့်တံတားများအဖြစ် တည်ဆောက်နေမှု အခြေအနေ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့နှင့် မြန်မာနိုင်ငံ ကျူကုတ်(ပန်ဆိုင်း)မြို့တို့ ဆက်သွယ်ထားသော တရုတ်-မြန်မာချစ်ကြည်ရေး ကျူကုတ်-ဝမ်တိန်တံတားသစ်နှင့် တံတားဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်သွား

ရန်ကုန် မေ ၂၃

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)